မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၅)

ကျေးလက်ဒေသ ဖွံ့ဖြိုးမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဟု အခြေခံကျကျခံယူ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို မိမိတို့အလေးထား အကောင်အထည်ဖော်နေခြင်းဖြစ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသများပါဝင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာ ကျေးလက်ပြည်သူများ ပညာရေးနှင့် ကျန်းမာရေး ခိုင်မာဖွံ့ဖြိုးအောင်ဆောင်ရွက် စီးပွားရေးဖွံ့ဖြိုးလာရန် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေး ပေါင်းစပ်လုပ်ကိုင် စီမံကိန်းများ ထိရောက်အောင်မြင်အောင် ဖိဖိစီးစီး ကြိုးကြိုးစားစားဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

အမှာစကား ပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး ပညာအမွေပေးနိုင်ရန် ကြိုးပမ်းအားထုတ်

ကမ္ဘာပေါ်၌ ဆရာရှားပါးလာမှုနှင့် အနာဂတ်တွင် ငြိမ်းချမ်းစွာအတူ စုပေါင်း နေထိုင်နိုင်ရေးအတွက် အဓိကကျသော ဆရာကောင်းများအား ချီးကျူးဂုဏ်ပြုသောအားဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူအင်န်ဒီပီနှင့် ယူနီဆက်တို့က ၂၀၀၂ခုနှစ် မှစ၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ်သတ်မှတ်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာ၏သီလ၊သမာဓိနှင့် ပညာဂုဏ်တို့ကို တန်ဖိုးထား လေးစားမှုကြောင့် ဆရာများ၏ လူမှုအဆင့်အတန်းသည် အနန္တောအနန္တ ဂိုဏ်းဝင် ဆရာသခင်ကျေးဇူးရှင်အဖြစ် ရှေးဦးကာလကပင် သတ်မှတ်နေရာပေးခဲ့သည်။

မြန်မာ့ဓလေ့တွင် သင်ဆရာ(မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)နှင့် ကြားဆရာ(သုတာစရိယ) ဟူ၍ဆရာအပြားသုံးပါးရှိသည်။ သင်ဆရာတို့သည် **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ”** ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ တပည့်များကို ကျောသားရင်သား မခွဲခြားဘဲ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများလက်ကိုင် ထား၍ သင်ကြားပို့ချပေးသူများ ဖြစ်ကြသည်။ ဆရာသည် တပည့်များအတွက် အမြဲမပြတ် ချစ်ကြောက်၊ ရိုသေစွာ ဆည်းကပ်ကိုးကွယ် အားထားရမည့် ပုဂ္ဂိုလ်များလည်း ဖြစ်သည်။

ပညာအရည်အသွေး ဆိုသည်မှာ အရည်အသွေးရှိသော သင်ပေးသူ၊ သင်ယူသူ၊ ထိရောက်သော သင်ချိန်၊ သင်ယူမှုဝန်းကျင်၊ အကြောင်းအရာ၊ သင်ပြနည်း၊ ပံ့ပိုးပစ္စည်း ကိရိယာ၊ သင်ထောက်ကူ၊ လုပ်ငန်းစီမံခန့်ခွဲမှု၊ အဓိပ္ပာယ်ရှိသော သင်ယူတတ်မြောက်မှုစသည်တို့ဖြစ်သည်။

နိုင်ငံတကာပညာရေးလောကတွင် ပညာရေးအရည်အသွေးသည် ဆရာများ၏ အရည်အချင်းအပေါ်၌ များစွာတည်မှီနေသည်။ ပညာရေးလုပ်ငန်းစဉ်ကြီးတွင် ဆရာသည် ပင်မအဓိကကျသော ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာသည် စည်းရုံးသူ၊ ဦးဆောင်သူ၊ သင်ပြသူ၊ စံနမူနာပြသူနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သူ ဖြစ်သည်။

၂၁ရာစု ပညာခေတ်တွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်မည့် ပညာရေးဗိသုကာ ဆရာ၊ ဆရာမများ အနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အတွေးသစ်၊ အမြင်သစ်များဖြင့် မိမိတို့၏ တပည့်များကို အနာဂတ် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် ပညာအမွေပေးနိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၅-၁၀-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညနေပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွမ်းမပြေ”** (အပိုင်း-၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -မော်ကွန်းတင်သည့် မြတ်လယ်တီ (၂)
၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (အပိုင်း-၁၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁၀-၂၀၀၆
(ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ သူချစ်ကိုယ်ချစ်မေတ္တာစစ် တရားတော်(အရှင်ဆေကိန္ဒ) (အပိုင်း-၁)
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၄၀ ပြည်တွင်းသတင်းအကျဉ်း
၇း၅၀ ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအစီအစဉ် တွေ့ဆုံဆွေးနွေးခန်း
၈း၂၀ တေးဂီတအစီအစဉ်
၈း၂၅ Business Talk [မျိုးမြတ်သူ၊ ဦးစိုးမြင့်(FMI)]
၉း၀၅ တေးဂီတအစီအစဉ်
၉း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅ ထူးမြတ်ပူဇော် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ မိုးလေဝသခန့်မှန်းချက်
၉း၃၅ Wedding Planner
၉း၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅ တေးဂီတအစီအစဉ်
၁၀း၁၀ သီးနှံစိုက်ပျိုးအထွက်တိုး (စပါးပေါင်းပင်)
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ ပုံရိပ်ဖမ်းစား ဓာတ်ပုံအနုပညာရှင်များ(ဓာတ်ပုံပီတာ)
၁၁း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ ပြည်တွင်းမှာပင် ချုပ်လုပ်ထားသော ခေတ်မီ အသွင်ဆန်း သားရေအိတ်များ
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ ဘွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာခင်ဇော် (ကေသီပန်)]
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စင်ကာပူနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ဖွင့်လှစ်ထားသည့် ဆန်တိုဆာ အပန်းဖြေကျွန်းရှိ တံတားတစ်စင်းကို အောက်တိုဘာ ၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်-အာဆီယံထိပ်သီးအစည်းအဝေး ထိုင်းကြားဖြတ်အစိုးရဝန်ကြီးချုပ် တက်ရောက်မည်

ဗန်ကောက် အောက်တိုဘာ ၄

ထိုင်းကြားဖြတ်အစိုးရဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်သည် ယခုလကုန်တွင်ပြုလုပ်မည့် တရုတ်-အာဆီယံ အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အင်္ဂါနေ့တွင် ပြောဆိုသည်။

တရုတ်ပြည် နန်နင်းမြို့၌ ကျင်းပမည့် တရုတ်-အာဆီယံ တွေ့ဆုံပွဲ ထူထောင်သည့် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့အငြိမ်းစားဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန် တက်ရောက်မည်ဖြစ်သည်။

တာဝန်ယူပြီးနောက်

ထိုခရီးစဉ်မှာအငြိမ်းစားဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန် ထိုင်းကြားဖြတ်ဝန်ကြီးချုပ် တာဝန်ယူပြီးနောက် ပထမဆုံးသော နိုင်ငံခြားခရီးစဉ်ဖြစ်လိမ့်မည် ဖြစ်သည်။

တက်ရောက်

အငြိမ်းစားဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်သည် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ပြုလုပ်မည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး အစည်းအဝေးနှင့် ဒီဇင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်မည့် အာဆီယံ ထိပ်သီး အစည်းအဝေးများသို့လည်း တက်ရောက်လိမ့်မည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပန်ကောက်ဘဏ်အကြီးအကဲ ဝန်ကြီးအဖွဲ့ဝင်အဖြစ်လက်ခံ

ဗန်ကောက် အောက်တိုဘာ ၄

ထိုင်းနိုင်ငံ၏ အကြီးဆုံးဘဏ်ဖြစ်သော ဗန်ကောက်ဘဏ်အမှုဆောင်ဥက္ကဋ္ဌကိုဆစ်ပန်ပီယမ်ရပ်စ်က အရပ်ဘက်ကြားဖြတ် အစိုးရတွင် ဝန်ကြီးအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းလာမှုကို လက်ခံလိုက်ပြီဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားသည်။

မိမိသည် စီးပွားရေးဝန်ကြီးများထဲမှ တစ်ဦးဖြစ်လာလိမ့်မည်ဟု ထင်ကြောင်း၊ ကြားဖြတ်အစိုးရသည် စီးပွားရေးမှာ အဓိကအရေးကြီးဆုံးဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

ထိုင်းဘဏ်အုပ်ချုပ်ရေးမှူး ပရီဒီယာသွန်ဒီဗာကူလာကလည်း အစိုးရသစ်တွင် စီးပွားရေးနှင့်ပတ်သက်၍ဦးဆောင်ဦးရွက်ပြုနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

၂၀၁၀ ပြည့်နှစ်တွင် ခရီးသည် သန်း၂၇၀ တရုတ်လေကြောင်းလိုင်းများပို့ဆောင်ပေးမည်

ပေကျင်း အောက်တိုဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းလိုင်းများသည် ၂၀၁၀ပြည့်နှစ်တွင် ခရီးသည် သန်း၂၇၀ ကို ပို့ဆောင်ပေးမည် ဖြစ်ကြောင်း၊ ယင်းမှာ နှစ်စဉ် ပျမ်းမျှတိုးတက်မှု၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း တရုတ်မြို့ပြလေကြောင်းအုပ်ချုပ်ရေးရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် တရုတ်လေကြောင်းလိုင်းများသည် ၂၀၁၀ ပြည့်နှစ်အရောက်တွင် ကုန်တန်ချိန် ၅၀ဘီလီယံတင်ပို့ပေးမည်ဖြစ်ကြောင်း၊ ယင်းမှာ နှစ်စဉ် တိုးတက်မှု၏ ၁၄ ရာခိုင်နှုန်းရှိကြောင်း အဆိုပါလေကြောင်းအုပ်ချုပ်မှုရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဝမ်ချန်ရွှမ်က ပြောကြားသည်။

တရုတ်နိုင်ငံတွင် လေဆိပ် ၁၉၀ခန့်ရှိပြီး ကုန်တင်လေယာဉ် ၁၅၄၃ စင်းရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရည်မှန်းထားသည့်အတိုင်း အလေးအနက်ထား ပိုင်းဝန်းအကောင်အထည်ဖော်

✡ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အထူးဖိတ်ကြားထားသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အလေးအနက်ထား

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ရည်မှန်းထားသည့်အတိုင်း အလေးအနက်ထား ပိုင်းဝန်းအကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တိုးချဲ့ဆောင်ရွက်ရာ၌ ကျေးလက်ဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေ ခိုင်မာဖွံ့ဖြိုးအောင် မိမိတို့ ဆက်လက်လုပ်ကိုင်သွားရန် လိုအပ်ကြောင်း။

ဆက်လက်ဆောင်ရွက်

ထို့အတူ ကျေးလက်ဒေသ လမ်းများ၊ နယ်စပ်ဒေသ လမ်းများ တိုးတက်ကောင်းမွန်အောင်၊ လမ်းမပေါက်သေးသော ဒေသများကိုလည်း လမ်းပေါက်အောင် အစီအမံများအတိုင်း ဆက်လက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

တိုးချဲ့ထူထောင်

ထို့အတူ ကျေးလက်ဒေသ လျှပ်စစ်မီးတိုးတက်ရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်လုပ်ငန်းများ၊ ဘိုင်အိုဓာတ်ငွေ့သုံး လျှပ်စစ်လုပ်ငန်းငယ်များကို တိုးချဲ့ထူထောင်သွားကြရန် ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ကြက်ဆူပင်မှထုတ်လုပ်ရရှိမည့် ဘိုင်အိုဒီဇယ်ဆီကို အသုံးပြု၍ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို တိုးချဲ့သွားနိုင်ရန် လိုကြောင်း။

ကြိုးကြိုးစားစားလုပ်ကိုင်

ယနေ့အထိ မိမိတို့ စီမံကိန်းများချမှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ၌ တိုးတက်အောင်မြင်မှုများရရှိလျက်ရှိရာ လူများစုကြီးနေထိုင်ရာ ကျေးလက်ဒေသအားလုံး နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးမှသာ နိုင်ငံတော်ကြီး တစ်ရပ်လုံး ရာနှုန်းပြည့် ဖွံ့ဖြိုးတိုးတက်မှာဖြစ်၍ စီမံကိန်းများကို ထိရောက်အောင်မြင်အောင် ဖိဖိစီးစီး၊ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးတင်ပြရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက နယ်စပ်ဒေသများရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် အချိန်တိုအတွင်းတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ပါကြောင်း။

ပိုမိုတိုးတက်ဖြစ်ထွန်း

ဗဟိုကော်မတီ ဥက္ကဋ္ဌ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ၌ စီးပွားရေး အခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍများ၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများ၊ ကုန်ထုတ်လုပ်မှု အခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေတူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများကို

စာမျက်နှာ ၄ ကော်လံ ၁ သို့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

နယ်စပ်ဒေသ အားလုံးနီးပါးသည်လည်း ကျေးလက်ဒေသများ၌ အကျုံးဝင်လျက်ရှိရာ တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများ၌ အခြေချနေထိုင်လျက်ရှိကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ထို့ကြောင့် ကျေးလက်လူဦးရေအများစုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာရန်မှာ ကျေးလက်ဒေသများ ဖွံ့ဖြိုးမှုအပေါ်တွင် အဓိကတည်မှီလျက်ရှိကြောင်း၊ ကျေးလက်များ၏ စီးပွားရေးအခြေခံအပေါ်မှီ၍ မြို့ပြများ တိုးတက်ရခြင်းဖြစ်ကြောင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်မှုလည်း နိုင်ငံတော်တစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဟု အခြေခံကျကျခံယူ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို မိမိတို့ အလေးထားအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

ယခုအခါ နိုင်ငံတော်၏ နယ်စပ်ဒေသများပါဝင်သည့် ကျေးလက်ဒေသများသည် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို မျက်မြင်အခြေအနေအရရော၊ သတင်းအချက်အလက်များအရပါ သိသာထင်ရှားလျက်ရှိကြောင်း။

ယခုအခါ နိုင်ငံတော်၏ လမ်းမကြီးများဖောက်လုပ်ရင်း ကျေးလက်ဒေသများအထိ အတော်များများ လမ်းပေါက်သွားပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသလမ်း၊ နယ်စပ်ဒေသလမ်းများ တိုးတက်ကောင်းမွန်မှသာ သွားရေးလာရေးလွယ်ကူပြီး ပြည်သူများ၏ လူမှုစီးပွားရေးအဆင့်အတန်းသည်လည်း မြင့်မားလာမှာ ဖြစ်ကြောင်း။

ပေါင်းစပ်လုပ်ကိုင်

တစ်ချိန်တည်းမှာပင် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးတို့ကို ဆက်လက် တိုးချဲ့လုပ်ကိုင်သွားရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးလာရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းကိုလည်း ပေါင်းစပ်လုပ်ကိုင်လာအောင် အားပေးရမှာဖြစ်ကြောင်း။

အချို့ ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိသော နယ်စပ်ဒေသများ၌ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက်ရရှိရေးကို မျှော်မှန်း၍ အိမ်တွင်းမှု သင်တန်းကျောင်း၊ အသက်မွေးမှု သင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးချဲ့သင်ကြားပေးရန် လိုကြောင်း၊ ဒေသအလိုက်ထွက်ရှိသော ကုန်ကြမ်းပစ္စည်းအပေါ် တည်မှီ၍ လိုက်လျောညီထွေမည့် အသက်မွေးဝမ်းကျောင်း လက်မှုလုပ်ငန်းများကို ချဲ့ထွင်သင်ကြားပေးနိုင်အောင် စီမံသွားကြရန်ဖြစ်ကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာရန်မှာ ကျေးလက်ဒေသများ ဖွံ့ဖြိုးမှုအပေါ်တွင် အဓိကတည်မှီလျက်ရှိ၊ ကျေးလက်များ၏ စီးပွားရေးအခြေခံအပေါ် မှီ၍ မြို့ပြများ တိုးတက်နေခြင်းဖြစ်၊ မြို့ပြများ ဖွံ့ဖြိုး တိုးတက်မှုလည်း နိုင်ငံတော်တစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်။

စာမျက်နှာ ၃ မှ

အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် စီမံကိန်းများရေးဆွဲ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးနေမှုကြောင့် အချို့သော နယ်စပ်ဒေသများ၌ လူမှုစီးပွားရေးအခြေအနေများသည် မျှော်မှန်းသည်ထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုသည်လည်း သိသိသာသာ လျော့နည်းလာကြောင်းကို တွေ့ရှိရပါကြောင်း။

၁၉၈၉ ခုနှစ်က စတင်ပြီး ယနေ့အထိ နယ်စပ်ဒေသအသီးသီး၌ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြရလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၇၇၈၃ ကျော် သုံးစွဲပြီး နယ်စပ်ဒေသများ၏ လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ခဲ့ရာ မြေလမ်း ၃၃၆၄ မိုင် လေးဖာလုံ၊ ကျောက်ခင်းလမ်း ၂၂၁၀ မိုင်၊ ကတ္တရာလမ်း ၃၈၅ မိုင် ၇ ဖာလုံ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၃၉၆ မိုင် ၅ ဖာလုံ တံတားကြီး ၇၃ စင်း၊ တံတားငယ် ၉၈၈ စင်းနှင့် ကြိုးတံတားအစင်း ၄၀ တို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ တည်ဆောက်ပေးခဲ့၍ ပထဝီဝင်မြေအနေအထားအရ ခက်ခဲသည့် နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများ၌ ပြန့်ကျဲနေထိုင်ကြသည့် တိုင်းရင်းသားများသည် အနေနီးလာကြပြီဖြစ်ပါကြောင်း၊ ယခင်က မရောက်နိုင်၊ မသွားနိုင်၊ မလာနိုင်သည့် နေရာများကို သွားနိုင်၊ ရောက်နိုင်၊ ကုန်စည်ကူးသန်းနိုင်ကြပြီဖြစ်ပါကြောင်း၊ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ ဆက်သွယ်သွားလာနိုင်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပါကြောင်း၊ ဆက်လက်၍လည်း အဓိကကျသည့် လမ်းကြီးများ ကတ္တရာလမ်း အဆင့်မြင့်ရန်၊ တံတားများ ပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သည့်နေရာများ၌ လမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိပါကြောင်းကို တင်ပြအပ်ပါကြောင်း။

စွမ်းအင်ကဏ္ဍ

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၁၄ မြို့၌ အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့/ရွာ ၁၉၉ ခု၌လည်း မီးစက် ၂၆၅ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့/ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်နေပြီဖြစ်ပါကြောင်း၊ ရေသယံဇာတပေါများသည့် နယ်စပ်ဒေသများ၌ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုမှု၊ ကိုယ့်အားကိုယ်ကိုး တပ်ဆင်အသုံးပြုမှုများရှိနေခြင်းကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာနေကြောင်းကို တင်ပြအပ်ပါကြောင်း၊ ထို့အပြင် အသေးစား ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲနိုင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ဗိုလ်ချုပ်မှူးကြီး လမ်းညွှန်ထားသည့်အတိုင်း အသေးစား ရေအားလျှပ်စစ် တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်ရန်အတွက် စက်ရုံ တည်ဆောက်ရေးကိုလည်း အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၅၂ ခု၊ ကြေးနန်းရုံး ၄၅ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၅ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသလူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဦးစားပေးဆောင်ရွက်

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများနှင့် ဒေသ၌ရှိသည့် သယံဇာတများကိုအသုံးပြုပြီး လူနေမှုအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်ကိုလည်း ဦးစားပေးဆောင်ရွက်ပေးနေပါကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နိုင်ငံတော်က မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်းတို့ကို ဆောက်လုပ်ပေးထားသည့်အပြင် UNDP နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ကျောင်းပေါင်း ၄၉၁ ကျောင်းကို ဆောက်လုပ်ပြီး ကျောင်းပေါင်း ၅၄၆ ကျောင်းကို ပြုပြင်ခဲ့ပါကြောင်း။

ထို့အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးနေသူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်တစ်လျှောက်၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၂၇ ကျောင်းကို ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသ ကျောင်းသားများ ကျောင်းသုံးစာအုပ် အခမဲ့ရရှိရေးအတွက် နတလ လုပ်ငန်းကော်မတီ၏အစီအစဉ်ဖြင့် ဖြန့်ဝေပေးခြင်း၊ UNICEF နှင့် ပူးပေါင်း ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

အောင်မြင်မှုတစ်ရပ်

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး စီမံကိန်းဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများ၏ သားသမီး၊ ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်းပြီး Food for Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် နယ်စပ်ဒေသ ကျောင်းဝင်နှုန်း၊ ကျောင်းတက်နှုန်းမြင့်မားလာသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခင်က ကျောင်းသား တစ်ထောင့်ငါးရာကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခုစာသင်နှစ်တွင် ကျောင်းသား ၁၈၃၂၆၄ ဦး ရှိလာသဖြင့် အဆပေါင်း ၁၂၀ ခန့် တိုးပွားလာပါကြောင်း၊ နယ်စပ်ဒေသလူငယ်များ ပညာ ပိုမိုတတ်မြောက်လာသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောင်ခြည်များပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု ဆိုးကျိုးများကို ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ လူထုများ ပူးပေါင်းဆောင်ရွက်လာခြင်းသည် မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

နယ်စပ်နေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာအပြင် အဆင့်မြင့်ပညာဆည်းပူးနိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်က စတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေပါကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရ တိုင်းရင်းသားလူငယ် ၅၇၄ ဦးသည် ၎င်းတို့ဇာတိဒေသ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြသကဲ့သို့ အချို့ကျောင်းသားများသည်လည်း မဟာတန်းကို ဆက်လက်ဆည်းပူးနေကြပြီ ဖြစ်ပါကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း အဆင့်မြင့်ပညာသင်ကြား တက်ရောက်ဆဲကျောင်းသား ၇၁၄ ဦး ရှိပါကြောင်း။

ထို့အပြင် ၎င်းတို့၏ ဒေသ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများ၌ ဦးစားပေး ပညာဆည်းပူးခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လေ့ကျင့်သင်ကြားပေးနိုင်

စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၊ ဘဝရပ်တည်နိုင်ရန်လည်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၄ ကျောင်းကို ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများကို စရိတ်ငြိမ်း သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက်၌ သင်တန်းသူ ၁၉၃၅၉ ဦးတို့အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဆက်လက်၍လည်း နယ်စပ်ဒေသများ၌ တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ် စက်ပြင်စသည့် သက်မွေးပညာရပ်များကို သင်ကြားပေးမည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများကိုလည်း စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၀၉ ရုံ၊ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသတိုင်းရင်းသား သွေးချင်းများ သိရှိနားလည်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာအထောက်အကူပြုနေပြီဖြစ်ပါကြောင်း။

မီဒီယာဖြန့်ကြက်ရေး

ထို့ကြောင့် နိုင်ငံတော်က အစွန်အဖျား နယ်စပ်ဒေသများအထိ တတ်နိုင်သမျှ ပြည်တွင်းမီဒီယာဖြန့်ကြက်ရေးနှင့် သတင်းစာ မရောက်နိုင်သေးသည့် အချို့ဒေသများ၌ မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံ နှစ်ရပ်စလုံး ဖမ်းယူရရှိစေရေးကို ဆောင်ရွက်ပေးနေပါကြောင်း၊ အဆိုပါထပ်ဆင့်လွှင့်စက်ရုံများ အချိန်မှန်မှန် ထုတ်လွှင့်နိုင်ရန်နှင့် နယ်စပ်ဒေသပြည်သူများ ဖမ်းယူကြည့်ရှုရန်အပိုင်းကို ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများက အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အချို့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသော နယ်စပ်ဒေသများ၌ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက်ရရှိရေးကို မျှော်မှန်း၍ အိမ်တွင်းမှုသင်တန်းကျောင်း၊ အသက်မွေးမှု သင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးချဲ့သင်ကြားပေးရန်လိုကြောင်း။ ဒေသအလိုက်ထွက်ရှိသော ကုန်ကြမ်းပစ္စည်းများအပေါ် တည်မှီ၍ လိုက်လျောညီထွေရှိမည့် အသက်မွေးဝမ်းကျောင်း လက်မှုလုပ်ငန်းများကို ချဲ့ထွင်သင်ကြားပေးနိုင်အောင် စီမံ။

ကြက်ဆူပင်မှ ထုတ်လုပ်ရရှိမည့် ဘိုင်အိုဒီဇယ်ဆီကို အသုံးပြု ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်

စာမျက်နှာ ၄ မှ

ဆက်လက်ဆောင်ရွက်ပေး

ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်က "ကျန်းမာရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"ဆိုသည့် အမျိုးသားကျန်းမာရေး မူဝါဒအတိုင်း နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများ၌ ၁၉၈၈ခုနှစ်က ဆေးရုံ ရှစ်ရုံ၊ ဆေးပေးခန်း ခြောက်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ တို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ဖွံ့ဖြိုးရေး အထူးဒေသတိုင်း၌လည်း ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီး နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း နယ်စပ်ဒေသများ၌ ဆင်းရဲနွမ်းပါးနေသည့် တိုင်းရင်းသားများအတွက် ဒေသတွင်း ဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားရေးဖူလုံမှုရှိအောင် ပထမဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒုတိယအနေဖြင့် ပိုလျှံသည့်စိုက်ပျိုးရေး ထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များ စီစဉ်ပေးခြင်းဖြင့် ဝတ်ရေး၊ နေရေး၊ ဖူလုံအောင်လည်း ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့်တည်ဆောက်ပြီး ဆည် ၄၆ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်း ငါးခုနှင့် ထွန်စက်စခန်း ၁၁ ခု တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများစိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

ဖြန့်ဖြူးပေး

ဤကဲ့သို့ စားဝတ်နေရေးဖူလုံစေရန်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ဆက် တစ်စပ်တည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံး တို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နယ်စပ်ဒေသအသီးသီး၌ စိုက်ပျိုးရေးရုံးနှင့် စိုက်ပျိုးရေးစခန်းများ၊ အသေးစား ဆည်နှင့် တူးမြောင်းများ၊ ထွန်စက်စခန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အတိုင်း သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့် လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ မြေပြန့်များ၌ လယ်ယာမြေအသစ်များ ဖော်ထုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကုန်းမြင့် လယ်ယာစီမံကိန်းကို ၂၀၀၃–၂၀၀၄ ခုနှစ်ကစတင်ပြီး ၁၀ နှစ် စီမံကိန်းဖြင့် ဧက ၁၁၁ ဒသမ ၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်း ကျောက်ထုဒေသများ၌ ၁၉ဒသမ၂၉၂ ဧက ဖော်ထုတ်ပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

ဟန်ချက်ညီ

ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှု ပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်နေပြီဖြစ်ပါကြောင်း၊ ဤအခြေခံကောင်းများအပေါ် အားထားပြီး ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသား အများစုက စွန့်လွှတ်နေကြပြီဖြစ်၍ ကြီးမားသည့် အောင်မြင်မှုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤကဲ့သို့ အစားထိုးသီးနှံစိုက်ခင်း၊ ဘိန်းအစားထိုး နှစ်ရှည်သီးနှံစိုက်ခင်းများ တိုးချဲ့နိုင်ရန်နှင့် ထွက်ရှိလာသည့် သီးနှံပစ္စည်းများကို ပြည်တွင်း ပြည်ပဈေးကွက် တင်ပို့နိုင်ရေး၊ ဈေးကောင်းရရှိရေး ဆက်လက် ကူညီဆောင်ရွက်ပေးကြရန် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီများကို ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ် ၁၄ ခု၊ သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက်လေးခုတို့ကိုထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

စီးပွားဖြစ်ထုတ်လုပ်

သတ္တုကဏ္ဍအနေဖြင့် နယ်စပ်ဒေသ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များကို စနစ်တကျ တူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသတိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်း ပေါ်ပေါက်လာရေး ဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများ၌ စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်နိုင်လျက် ရှိနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးသည့် လူမှုစီးပွားရေး အခြေခံ အဆောက်အအုံများပေါ် မှီတည်ပြီး နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများရရှိနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အခြေခံကောင်းများရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေက ငွေကျပ် ၅၅၈၇၉သန်း၊ ဝန်ကြီးဌာန အသီးသီးက ငွေကျပ် ၃၄၂၉၆ သန်း စုစုပေါင်းငွေကျပ် ၉၀၁၇၅ သန်းကျော် သုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ထိရောက်အောင်မြင်

ဆက်လက်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းချက် ဆက်စပ်ဆောင်ရွက်မှု အခြေအနေကို တင်ပြအပ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နတလ ဗဟိုကော်မတီဥက္ကဋ္ဌက ချမှတ်ပေးထားသည့် ရည်ရွယ်ချက် (၅)ရပ်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "နယ်စပ်ဒေသ စီးပွားရေး လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်" ဆိုသည့် ရည်ရွယ်ချက် တစ်ရပ်သည်လည်း မူဝါဒအနေဖြင့် ပါရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ၁၅နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်း မစတင်မီ ၁၀နှစ် ဖြစ်သည့် ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့် အတွက် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို လျင်မြန်စွာ အခက်အခဲမရှိ ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဘိန်းစိုက်ပျိုးရာ ဒေသများ၏ လူမှုစီးပွားရေး အခြေခံ အဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးခဲ့ပါကြောင်း၊စာရင်းဇယားများအရ ကြည့်မည်ဆိုလျှင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၉၀၁၇၅ သန်းကျော်၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းနှင့် ဆက်စပ်နေသည့် ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ပေးခဲ့၍လည်း နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများသည် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့် ကျဆင်းလာသည်ကို တွေ့ရပါကြောင်း၊ အမေရိကန်နိုင်ငံ Counter Narcotic and Crime(CNC) နှင့် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်းတိုင်းတာခဲ့သည့် စာရင်းဇယားများအရ ၁၉၉၆ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုသည် ၈၁ ရာခိုင်နှုန်း ကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုသည် ၈၈ရာခိုင်နှုန်း လျော့နည်းသွားပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၃ ခုနှစ်ကထက် ၂၃ ရာခိုင်နှုန်း ကျဆင်းလာကြောင်းကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး ဘိန်းစိုက်ပျိုးမှုကွင်းဆင်းတိုင်းတာချက်အရ ၂၀၀၄ခုနှစ်နှင့်နှိုင်းစာလျှင် 'ဝ'ဒေသ၌ ၁၀၀ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၉၁ရာခိုင်နှုန်း၊ ကချင်ပြည်နယ်၌ ၄၉ရာခိုင်နှုန်းကျဆင်းလာခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၃၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့ကြောင်းကို ကြိုတင်သိရှိထားပါကြောင်း။

သိသိသာသာလျော့နည်းကျဆင်း

မူးယစ်ဆေးဝါးထုတ်လုပ်မှုကျဆင်းပပျောက်ရေးအတွက် ယခင်ကဘိန်းခင်းများကို လေယာဉ်ဖြင့်ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာလျော့နည်းကျဆင်းမှုမရှိခဲ့ဘဲ ယခုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ပေးသည့်အခါတွင် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြား စီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာသည်ကတစ်ကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ဆိုးကျိုးကို အသိပညာပေးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့်တစ်ကြောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာ လျော့နည်းကျဆင်းနေပြီဖြစ်ပါကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများကတစ်ဆင့်တင်သွင်းလာသည့် ကုန်ကြမ်းနှင့်ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် မူးယစ်ဆေးဝါးပြဿနာကိုလည်း တားဆီးနှိမ်နင်းရေး ထိထိရောက်ရောက် ဆောင်ရွက်နေပါကြောင်း၊ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေး အတွက်လည်း တားဆီးနှိမ်နင်းရေးအပိုင်းက ထိထိရောက်ရောက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တင်ပြလိုပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)နှင့် မူးယစ်ဗဟိုတို့ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် 'ဝ'ဒေသအစားထိုးဖွံ့ဖြိုးရေးစီမံကိန်း Wa Alternative Development Project(WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၂၉ သန်းဖြင့် ၁၉၉၈ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ 'ဝ'ဒေသ(တောင်ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDSရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)အနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်၍ ၂၀၀၆ ခုနှစ်အထိ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန် ဒေသများ၊ ရှမ်းပြည်နယ်

စာမျက်နှာ ၆ ကော်လံ ၁ သို့

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာတွင် မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုး ထားသော စပါးခင်းများတွင် ဝတ်မှုန်ကူးပွဲတော်ကို ဤသို့ကျင်းပခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

5-10 (05) 1 10/5/06, 2:43 AM

စာမျက်နှာ ၅ မှ

(တောင်ပိုင်း)ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်မြို့နယ်များရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား ဆန်တန်ချိန် ၃၀၅၇၆ တန်ကို အရေးပေါ် စားနပ်ရိက္ခာ ထောက်ပံ့ရေး စီမံကိန်းအနေဖြင့် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ၇၉၄သန်း ကျခံဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် ဆန် တန်ချိန် ၁၀၀၀ကို ၂၀၀၅ ခုနှစ်တွင် 'ဝ'ဒေသသို့ ပို့ဆောင်ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ဆက်လက်ဖြန့်ဝေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ဆန်တန်ချိန် ၁၀၀၀၀ကို မြန်မာနိုင်ငံနယ်စပ်ဒေသက ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများအား ထောက်ပံ့ပေးသည့်အတွက် ဆက်လက် ဖြန့်ဝေရေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများနှင့် သဘာဝရေမြေသယံဇာတများကို အသုံးပြုပြီး ရေရှည်ဘဝတိုးတက်ရေးအတွက် အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း စီမံကိန်းငယ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပိုမိုမြင့်မားလာ

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒ၊ လမ်းညွှန်ချက်များအတိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာန၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုကြောင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ သိသိသာသာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်လည်း မြန်မာနိုင်ငံ၏ ဒေသအသီးသီးက တိုင်းရင်းသားပြည်သူများသည် အပြန်အလှန် ကူးလူးဆက်သွယ်မှုများ များပြားလာပြီး တစ်ဦးနှင့်တစ်ဦးရင်းနှီးချစ်ကြည်မှု၊ ယုံကြည်ကိုးစားလေးစားမှု ပိုမိုမြင့်မားလာသည်ကို အားရဖွယ်ရာတွေ့မြင်နေရပြီဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း၊ နတလ လုပ်ငန်းကော်မတီအနေဖြင့် နတလဗဟိုကော်မတီ၏ ယခင်အစည်းအဝေးများနှင့် ယခုအစည်းအဝေးတွင် ချမှတ်ထားသည့် မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြရာ၌ ယနေ့အစည်းအဝေးတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည့် ဗဟိုကော်မတီအစည်းအဝေး၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ယင်းအစည်းအဝေးတွင် လမ်းညွှန်ချက်(၁)အဖြစ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဆူကြံနိမ့်မြင့်ကွာဟမှု ကျဉ်းမြောင်းပပျောက်သွားစေရန် ဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ပေးရန် လိုအပ်နေသေးသည့် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ဤလမ်းညွှန်ချက်နှင့် ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ပေးရန် လိုအပ်သည့် ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးများကို လေးလတစ်ကြိမ် ပုံမှန်ကျင်းပ၍လည်းကောင်း၊ အခါအားလျော်စွာ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ မပြတ် အစည်းအဝေးများ ကျင်းပ၍လည်းကောင်း၊ နိုင်ငံတော်၏ အခြားစီမံကိန်းကြီးများဖြစ်သည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခါအားလျော်စွာ ဗဟိုအဆင့်က နယ်စပ်ဒေသများကိုသွားရောက်ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို စစ်ဆေးကြပ်မတ်ခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဒေသမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါကြောင်းကို တင်ပြအပ်ပါကြောင်း။

ပိုမိုတိုးတက်အောင်မြင်

လမ်းညွှန်ချက်(၂)ဖြစ်သည့် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေးတို့အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်အောင် မှန်ကန်သောနည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်ချက်နှင့် ပတ်သက်ပြီး နိုင်ငံတော်၏ ရေရှည်အကျိုးဖြစ်ထွန်းစေရေး၊ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေးတို့အတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားများ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ပေးခဲ့၍ နယ်စပ်ဒေသတစ်လျှောက်၌ လမ်းသစ် ၃၃၆၄ မိုင် ၄ ဖာလုံ ဖောက်လုပ်ပေးနိုင်သကဲ့သို့ လမ်းဟောင်း ၃၃၉၆မိုင် ၅ ဖာလုံကိုလည်း ပြုပြင်မွမ်းမံပေးခဲ့ပါကြောင်း၊ နယ်စပ်ဒေသက ဤလမ်းများကို အသုံးပြုပြီး အပြန်အလှန် သွားလာကူးသန်းကုန်သွယ်မှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသနေပြည်သူများသည် အတွင်းပိုင်းဒေသက ပြည်သူများနှင့် ပိုမိုထိတွေ့ရင်းနှီးလာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုများပြားလာခဲ့ပါကြောင်း၊ ကုန်စည်ကူးသန်းမှု အခွင့်အလမ်းများလည်း ပိုမိုလာသည့်အတွက် ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာသကဲ့သို့ နယ်စပ်ဒေသလူ့စွမ်းရည် မြင့်မားတိုးတက်ရေး အစီအမံကောင်းများကလည်း နယ်စပ်ဒေသတိုင်းရင်းသားများ၏ စွမ်းအားနှင့် စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားစေသဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ပိုမိုတိုးတက်အောင်မြင်လျက်ရှိပါကြောင်းကို တင်ပြအပ်ပါကြောင်း။

စီးပွားရေးနှင့်အခွင့်အလမ်း

လမ်းညွှန်ချက်(၃)ဖြစ်သည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံရေးမှသည် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရအောင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်စပ်ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံရေးမှ လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအပြင် အခြားဝန်ကြီးဌာနများမှပါ ရန်ပုံငွေ သုံးစွဲဖြည့်တင်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာဆိုင်ရာ အကူအညီများ ရယူဆောင်ရွက်ပေးခြင်းတို့ကို ဆက်စပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လမ်းညွှန်ချက်(၄)ဖြစ်သည့် ဒေသခံတိုင်းရင်းသားပြည်သူများ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ဆွေစဉ်မျိုးဆက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူနေမှုဘဝ အဆင့်အတန်း ဆက်လက်တိုးတက်မြင့်မားစေရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းနေအောင် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးသွားရန် လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် စာသင်ကျောင်းပေါင်း ၁၀၃၄ကျောင်းကို အသစ်ထပ်မံဆောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကျောင်းပေါင်း ၅၇၃ကျောင်းကို အသစ်ဆောက်လုပ်ပေးခဲ့ရာ ယခုနယ်စပ်ဒေသကျောင်းများ၌ ကျောင်းသား ၁၈၀၀၀၀ ကျော် တက်ရောက်ပညာဆည်းပူးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့် ၁၉၈၉ခုနှစ်က ကျောင်းသားအင်အား ၁၅၀၀ ခန့်နှင့်နှိုင်းစာလျှင် ကျောင်းသား အင်အား အဆ ၁၂၀ကျော် တိုးတက်လာခြင်းသည် ထူးခြားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသက ဆင်းရဲနွမ်းပါးသူ ကျောင်းသူ ကျောင်းသားများကို စရိတ်ငြိမ်း ပညာများသင်ကြားလေ့ကျင့်ပေးသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ဤကျောင်းများက အခြေခံပညာအောင်မြင်လာသည့် ကျောင်းသားများနှင့် အခြားနယ်စပ်ဒေသက အခြေခံပညာ အောင်မြင်လာသည့် ကျောင်းသားလူငယ်များကိုရွေးချယ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ခု ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရကျောင်းသား ၅၇၄ဦးသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပါကြောင်း၊ ကျောင်းသား ၇၁၄ ဦးသည် အဆင့်မြင့်ပညာ တက်ရောက်နေဆဲဖြစ်ပြီး ၂၂ ဦးမှာ မဟာတန်းများ၌လည်းကောင်း၊ ၃၆ ဦးမှာ မဟာအရည်အချင်းစစ်သင်တန်း၌လည်းကောင်း၊ AGTI ဒီပလိုမာရရှိပြီး ဆက်လက်သင်ကြားခွင့်ရှိသူများမှာ B.Tech သင်တန်း၌ ၅၄ ဦး၊ B.E သင်တန်း၌ ၁၉ ဦးနှင့် M.E သင်တန်း၌ သုံးဦးတို့မှာ ဆက်လက် ဆည်းပူးပညာသင်ကြားလျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကလည်း လူ့စွမ်းရည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်မည့် ဆရာဆရာမများအား နှစ်စဉ် မွေးထုတ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်းကို တင်ပြအပ်ပါကြောင်း။

စီမံချက်ချသင်ကြား

လမ်းညွှန်ချက်(၅)ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာ၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ စာပေပညာ သက်သက်သာမက မိမိလူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် လက်မှုအတတ်ပညာ၊ စက်မှုအတတ်ပညာစသည့် အသက်မွေးဝမ်းကျောင်းပညာများကိုပါ သင်ကြားပေးရေးစီမံဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကို ဖွင့်လှစ်ဆောင်ရွက်နေပါကြောင်း၊ ကလေးများအား စာပေပညာအပြင် နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသားများအား လက်သမား၊ ပန်းရန်၊ ဆံသနှင့်အပ်ချုပ်စက်ပြင်သင်တန်းများ၊ ကျောင်းသူများအား စက်ချုပ်လက်ချုပ်သင်တန်းများနှင့် စီမံချက်ချ၍သင်ကြားပေးနေကြောင်းကို တင်ပြအပ်ပါကြောင်း။

လမ်းညွှန်ချက်(၆)ဖြစ်သည့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် 250 KW Francis Turbine HL 106 WJ 42 နှစ်လုံးစတင်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် မတူပီသို့ ပို့ဆောင်တပ်ဆင်ထားရှိခဲ့ပါကြောင်း၊ ဆက်လက်ပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက နမူနာပေးပို့ထားသည့် HL 110 WJ 35 အမျိုးအစား ၇၅ ကီလိုဝပ် တာဘိုင်စက်နှင့် ဆက်စပ်ပစ္စည်းသုံးစုံကို စမ်းသပ်ထုတ်လုပ်လျက်ရှိရာ လုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလကုန်တွင် အပြီးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ၎င်းစက်အမျိုးအစားသည် ရေအား အမြင့် ၈၅ ပေမှ ပေ ၂၂၀ အတွင်း ရေစီးနှုန်း ၉ ကျူးဆက်မှ ၁၁ ကျူးဆက် အတွင်းရှိသည့် ရေအရင်းအမြစ်ရှိရာ ဒေသများ၌ တပ်ဆင်ပါက ကီလိုဝပ် ၄၀မှ ကီလိုဝပ် ၁၆၀အထိ ဓာတ်အားထုတ်လုပ်ပေးနိုင်ကြောင်းနှင့် စက်အမျိုး အစားမှာ သေးငယ်ပေါ့ပါးသဖြင့် ဝေးလံခေါင်သီသော နယ်စပ်ဒေသများသို့ ပို့ဆောင်တပ်ဆင်အသုံးပြုသင့်ကြောင်းကို သိရှိရပါကြောင်း၊ ၎င်းအပြင် အမှတ် (၂) စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀၀/၅၀၀နှင့် ၂/၅ မီဂါဝပ် ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စက်အငယ်စား ထုတ်လုပ်ရေးစက်ရုံ ထူထောင်ရန် ဆောင်ရွက်လျက်ရှိပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ရေအားအရင်းအမြစ်များ ရှာဖွေဖော်ထုတ်လျက်ရှိရာ

ချင်းပြည်နယ် ဟားခါးမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ဤသို့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်းအလိုက် အရင်းအမြစ်၁၀၀ကျော်ရှာဖွေထားရှိပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

ရေအားလျှပ်စစ်လုပ်ငန်း

လမ်းညွှန်ချက်(၇)ဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မလုပ်လောက်သည့် သုံးကီလိုဝပ်၊ ငါးကီလိုဝပ်စသည့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများကို သက်ဆိုင်ရာဒေသအစီအစဉ်ဖြင့်သာဆောင်ရွက်စေရန် လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး နယ်စပ်ဒေသများ၌ သုံးကီလိုဝပ်မှ ငါးကီလိုဝပ် အမျိုးအစားရေအားလျှပ်စစ်လုပ်ငန်းများကို ပတလ(ရှမ်းအရှေ့)ဒေသ၌ ၂၁လုံး၊ ပတလ(ရှမ်း)ဒေသ၌၂၀၂လုံး၊ ပတလ(ကယား)ဒေသ၌၁၁လုံး၊ ပတလ(ချင်း)ဒေသ၌၃၃လုံး၊ တတလ(စစ်ကိုင်း)ဒေသ၌၁၂လုံး၊ တတလ(တနင်္သာရီ)ဒေသ၌ ခြောက်လုံးနှင့် ပတလ(ကရင်)ဒေသ၌နှစ်လုံး စုစုပေါင်း၂၈၇လုံးကို ဒေသအလိုက်အစီအစဉ်ဖြင့် တပ်ဆင်ဆောင်ရွက်ခဲ့ပါကြောင်း။

လမ်းညွှန်ချက်(၈)ဖြစ်သည့် နယ်စပ်ဒေသရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် သိုးမွေးစက်ထိုးအတတ်၊ ကျောက်စီပန်းချီအတတ်၊ ရက်ကန်းအတတ်စသည့် အခြားသင့်လျော်မည့်ဘာသာရပ်များကို ဒေသအလိုက်သင့်လျော်သလို တိုးချဲ့သင်ကြားပေးရန်နှင့် ယောကျာ်းလေးများအတွက်လည်း လက်သမားအတတ်၊ ပန်းရန်အတတ်၊ သံချည်သံကွေးအတတ်၊ အိမ်ပုံစံဆွဲခြင်းအတတ်စသည့် လက်မှုအတတ်ပညာများသင်ကြားပေးမည့်ကျောင်းများတည်ထောင်ဖွင့်လှစ်သင်ကြားပေးရန် လမ်းညွှန်ချက်နှင့်ပတ်သက်၍ နယ်စပ်ဒေသအမျိုးသမီးများအတွက် အခြေခံအိမ်တွင်းမှုပညာရပ်များကို သင်ကြားပေးသည့်အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ၃၄ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ် ၁၉၃၅၉ဦးအား အိမ်တွင်းမှုပညာရပ်များသင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး ကနုကမာ ကျောက်စီပန်းချီသင်တန်းနှင့် အခြေခံရက်ကန်းသင်တန်းများကို ချင်းပြည်နယ် ဟားခါးမြို့၊ မင်းတပ်နှင့် ဖလမ်းမြို့များ၌လည်းကောင်း၊ သိုးမွေးစက်ဆွဲသင်တန်းများကို ပူတာအို၊ ဗန်းမော်၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ လေရှီး၊ လဟယ်၊ နန်းယွန်း အိမ်တွင်းမှုသင်တန်းကျောင်းများ၌လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် ပန်းရန်၊ လက်သမား၊ သံချည်သံကွေး၊ အဆောက်အအုံဆောက်လုပ်သည့်ပညာရပ်များနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

အသက်မွေးဝမ်းကျောင်းပညာရပ်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လောက်ကိုင်နှင့် ပန်ဆန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားတို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ၈–၇–၂၀၀၆ရက်တွင်စတင်ဖွင့်လှစ်ပြီး စက်ပြင်၁၃ဦး၊ လျှပ်စစ်ဂဟေဆက်၁၃ဦး၊ အခြေခံအဆောက်အအုံ၁၂ဦး စုစုပေါင်းသင်တန်းသား၃၈ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ပန်ဆန်းနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းကို ၄–၈–၂၀၀၆ရက်တွင်စတင်ဖွင့်လှစ်ပြီး စက်ပြင်၂၅ဦး၊ လျှပ်စစ်ဂဟေဆက်၂၅ဦး၊ အခြေခံအဆောက်အအုံ၂၃ဦး စုစုပေါင်း သင်တန်းသား ၇၃ ဦးနှင့် လောက်ကိုင် နယ်စပ်ဒေသတိုင်းရင်း သားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို ၇–၈–၂၀၀၆ရက်တွင် စတင်ဖွင့်လှစ်ပြီး စက်ပြင် ၁၄ ဦး၊ လျှပ်စစ်ဂဟေဆက် ၁၄ဦး၊ အခြေခံအဆောက်အအုံ ၁၂ ဦး စုစုပေါင်း သင်တန်းသား ၄၀ တို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အသက်မွေးမှုပညာသင်တန်းကျောင်း (စက်ပြင်အလုပ်ရုံ)ကို စစ်တွေမြို့၌ ၁၂–၉–၂၀၀၁ရက်တွင် စတင်ဖွင့်လှစ်ပြီး စက်ပြင် အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံအီလက်ထရွန်နစ်ပညာရပ်များကို သင်တန်းကာလ ခြောက်လသတ်မှတ် သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ယနေ့အထိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းသား၁၂၉ ဦးနှင့် ဒေသခံ ၃၂၀ စုစုပေါင်း တိုင်းရင်းသားလူငယ် ၄၄၉ ဦးအား လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်းဖြင့်တင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းတင်ပြရာ၌ ယခင်ဗဟိုကော်မတီ အစည်းအဝေးများတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးက မိမိတို့ ဝန်ကြီးဌာနအား တာဝန်ပေးထားသည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

ပထမဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုအခြေအနေကို တင်ပြမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအား ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မြဲပြီး ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်မည့်သူများ ဖြစ်လာစေရန် ရည်ရွယ်ပြီး နယ်စပ်တစ်လျှောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကို ဖွင့်လှစ်ပြီး ကျောင်းသင်ရိုးညွှန်းတမ်းများ၌ အထူးပြုဘာသာရပ်များအဖြစ် ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘာသာတရား၏ အနှစ်သာရများကို သိရှိပြီး ကိုယ်တိုင် သက်ဝင်ယုံကြည်စေရန် အဆင့်မြင့် ယဉ်ကျေးမှုဘာသာရပ်များကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများပါ ရေးဆွဲ၍ ပညာသင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းကျောင်းများ၌ မူလတန်းကျောင်းသား ၃၂၆ဦး၊ အလယ်တန်းကျောင်းသား ၁၆၂၃ ဦး၊ အထက်တန်း ကျောင်းသား ၆၂၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၅၇၄ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

အလားတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပညာရေးသက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် ပန်းရန်၊ လက်သမား၊ သံချည်သံကွေး၊ အဆောက်အအုံဆောက်လုပ်သည့် ပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားနယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ၈–၇–၂၀၀၆ ရက်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပန်ဆန်း နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းကို ၄–၈–၂၀၀၆ ရက်တွင် လည်းကောင်း၊ လောက်ကိုင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ၇–၈–၂၀၀၆ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်းသင်တန်းသား ၁၅၁ ဦးတို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ အခြေခံ ပညာအထက်တန်း စာမေးပွဲ နှစ်ကြိမ် ကျရှုံးသူများနှင့် ပညာဆက်လက်သင်ကြားရန် အခြေအနေမရှိသူများ ဘဝရပ်တည်ရေးအတွက် အသက်မွေးမှုပညာသင်တန်းကျောင်း(စက်ပြင်အလုပ်ရုံ) ကို စစ်တွေမြို့၌ ၁၁–၉–၂၀၀၁ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်း၊ သင်တန်းအနေဖြင့် စက်ပြင် အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံ အီလက်ထရွန်နစ်ပညာရပ်များကို သင်တန်းကာလခြောက်လ သတ်မှတ်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊လူငယ်သင်တန်းကျောင်းများတွင် တက်ရောက်ခဲ့သည့် ကျောင်းသား ၁၂၉ ဦး အနက်မှ ၈၈ ဦးအား မိမိတို့ ဝန်ကြီးဌာနအတွင်း၌ အလုပ်ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

မွေးထုတ်ပေးနိုင်

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကို ၁၅–၆–၂၀၀၀ ရက်တွင် လည်းကောင်း၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)ကို၁၂–၇–၂၀၀၀ ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း၊ ယနေ့အထိ ဒီဂရီကောလိပ်နှစ်ခုမှ အင်ဂျင်နီယာ ဒီပလိုမာရရှိသူ ၁၉၃ ဦး၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူ ၃၈၁ဦး စုစုပေါင်း၅၇၄ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် (မန္တလေး) မှ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူ ၃၈၁ဦးအား ပြည်ထဲရေးဝန်ကြီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၌လည်းကောင်း၊ အေဂျီတီအိုင် ဒီပလိုမာရ ၁၉၃ဦးအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၌ လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဖွင့်လှစ်သင်ကြား

နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများအား အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်ရရှိလာသည့် ၁၉၉၂ခုနှစ်မှစ၍ ယခုအချိန်ထိ နယ်စပ်ဒေသအသီးသီး၌ အိမ်တွင်းမှုသင်တန်းကျောင်း ၂၆ကျောင်းကို ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါသင်တန်းကျောင်းများ၌ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

အအေးပိုင်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း နာဂဒေသ အိမ်တွင်းမှု ကျောင်းများ၌ သိုးမွေးစက်ဆွဲသင်တန်းကို သီးခြားဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ထို့အတူ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ်မြို့များရှိ အိမ်တွင်းမှုကျောင်းများ၌ အထူးပြုဘာသာရပ်အဖြစ် ရက်ကန်းသင်တန်းနှင့် ကနုကမာကျောက်စီ ပန်းချီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

အသက်မွေးမှုပညာရပ်

ထိုကဲ့သို့ နယ်စပ်ဒေသများ၌ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၂၆ကျောင်း ဖွင့်လှစ်ပေးခဲ့သည့်နည်းတူ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးအတွက် မကွေးတိုင်း ပခုက္ကူ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူမြို့များနှင့် စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များ၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ၂၆–၁၂–၂၀၀၅ရက်တွင် စတင်ဖွင့်လှစ် သင်ကြားပေးခဲ့ရာ ယခုဖွင့်လှစ်လျက်ရှိသော အမှတ်စဉ်(၃)အခြေခံအိမ်တွင်းမှုသင်တန်းအထိ သင်တန်းသူပေါင်း ၇၉၁ဦးကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ အိမ်တွင်းမှုသင်တန်းကျောင်း ၃၄ ကျောင်းတို့မှ ယနေ့အထိ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၁၇၄၈၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၁၃၇ဦး၊ သိုးမွေးစက်ဆွဲ သင်တန်းသူ ၅၁၆ဦး၊ ကနုကမာကျောက်စီပန်းချီသင်တန်းသူ ၉၂ဦး၊ အခြေခံရက်ကန်းသင်တန်းသူ ၈၂ဦး၊ ဟင်းလျာချက်ပြုတ်နည်း သင်တန်းသူ ၅၂ဦး စုစုပေါင်း သင်တန်းသူ ၁၉၃၅၉ဦးတို့အား အသက်မွေးမှုပညာရပ်များ သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသများ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပညာရပ်များ ပြန့်ပွားထွန်းကားစေရန် အခြေခံယဉ်ကျေးမှုသင်တန်း (အက/အတီး) များကို ကျိုင်းတုံ၊ လွိုင်ကော်၊ ဘားအံ၊ မြိတ် အိမ်တွင်းမှုသင်တန်းကျောင်းများ၌ ၂၄–၄–၂၀၀၆ရက်မှ ၁၈–၈–၂၀၀၆ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အကသင်တန်းသူ ၇၁ ဦး၊ အတီး သင်တန်းသား ၈၇ဦးကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

အခမဲ့ထောက်ပံ့

အမျိုးသမီး အိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများသို့ တက်ရောက်လာသည့် သင်တန်းသူများအတွက် သင်တန်းအထောက်အကူပစ္စည်းများ၊ သင်တန်းသုံးပစ္စည်းများအားလုံးကို အခမဲ့ထောက်ပံ့ပေးသည့်အပြင် ရပ်ဝေးမှလာရောက်သင်ကြားရသည့် သင်တန်းသူများအတွက် အခမဲ့အဆောင်နေထိုင်ခွင့်နှင့် နေ့စဉ်စားစရိတ်၊ အသွားအပြန်စရိတ်များကိုလည်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် သင်တန်းတက်ရောက်ပြီးနောက် သင်ကြားတတ်မြောက်သည့် ပညာရပ်များဖြင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန် အပ်ချုပ်စက်များကို သက်သာသောနှုန်းထားဖြင့် အရစ်ကျငွေချေစနစ်အရ ရောင်းချပေးလျက်ရှိရာ ယနေ့အထိ အပ်ချုပ်စက် ၆၅၃လုံးကို ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးကြောင်းကို တင်ပြအပ်ပါကြောင်း။

ဆက်လက်၍ မိမိတို့ဝန်ကြီးဌာနကို သီးခြားတာဝန်ပေးထားသော တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို တင်ပြသွားမည်ဖြစ်ပါကြောင်း။

အဆင့်မြှင့်ဆောင်ရွက်

တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်းသည် ၈၂ မိုင် ၂ ဖာလုံရှိပြီး ယင်းလမ်းကို ၁၉၉၁ခုနှစ်က နတလအင်ဂျင်နီယာတပ်ရင်းဖြင့် စတင်ဖောက်လုပ်ခဲ့ပါကြောင်း၊ ၁၉၉၃ခုနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ပြီးစီးခဲ့ပြီး ယခုအခါ ရာသီမရွေး သွားလာနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၂–၂၀၀၃ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းရှာဖွေဖျက်ဆီးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့များက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း ဘိန်းခင်းများကို ဤသို့ဖျက်ဆီးပစ်ခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးစီမံကိန်းဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများ၏သားသမီး၊ ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်နှင့်ပူးပေါင်းပြီး Food for Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် နယ်စပ်ဒေသ ကျောင်းဝင်နှုန်း၊ ကျောင်းတက်နှုန်းမြင့်မားလာသည်ကိုလည်း တွေ့ရမည်ဖြစ်၊ ယခင်က ကျောင်းသားတစ်ထောင့်ငါးရာကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခုစာသင်နှစ်တွင် ကျောင်းသား ၁၈၃၂၆၄ဦး ရှိလာသဖြင့် အဆပေါင်း ၁၂၀ ခန့် တိုးပွားလာ၊ နယ်စပ်ဒေသလူငယ်များ ပညာပိုမိုတတ်မြောက်လာသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောင်ခြည်များပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှုဆိုးကျိုးများကို ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ လူထုများ ပူးပေါင်းဆောင်ရွက်လာခြင်းသည် မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်။

နယ်စပ်ဒေသကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အချိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ၇မှ

တာကော်အက်–မိုင်းပတ်အပိုင်း ကျောက်ခင်းခြင်းကို ၁၉၉၈ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကတ္တရာခင်းခြင်းကို ၁၉၉၉ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ မူလလမ်းအကျယ် ၁၈ပေနှင့် ကတ္တရာလမ်းအကျယ် ၁၂ပေသာရှိ၍ မြေပြိုပိတ်ဆို့မှုများ မကြာခဏဖြစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၀၃ခုနှစ် နိုဝင်ဘာလမှ ၂၀၀၄ခုနှစ် ဇန်နဝါရီလအထိ လမ်းအကျယ်ပေ ၃၀ချဲ့ခြင်းနှင့် ကတ္တရာလမ်း ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ရာသီမရွေးသွားလာနိုင်

မိုင်းပတ်–ပန်ဆန်းလမ်းအပိုင်း ၆၇မိုင် ၆ဖာလုံကို ပေ ၃၀အကျယ်ချဲ့ခြင်း၊ ၁၈ပေအကျယ် ကျောက်ခင်းခြင်းလုပ်ငန်းများကို ၁၉၉၃ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့သည့်အတွက် ယင်းအချိန်ကစပြီး တာကော်အက်–ပန်ဆန်းလမ်းသည် ရာသီမရွေး သွားလာနိုင်ခဲ့ပါကြောင်း။

ဆက်လက်ပြီး မိုင်းပတ်–ပန်ဆန်းလမ်း ၆၇ မိုင် ၆ ဖာလုံကို ကတ္တရာလမ်းအဆင့်မြှင့်တင်ရေးအတွက် ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၃–၂၀၀၄ခုနှစ် လမ်းလုပ်ငန်းပွင့်လင်းရာသီတွင် ၁၈မိုင်၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ၁၃မိုင် ၂ဖာလုံ၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၁၉မိုင် စုစုပေါင်း ၅၀မိုင် ၂ဖာလုံ ကတ္တရာခင်းပြီးဖြစ်ပါကြောင်း၊ ၎င်းလမ်းအတွက် ယာဉ်၊ စက်၊ ယန္တရားစုစုပေါင်း၇၅စီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကတ္တရာ ခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် ၁၇မိုင် ၄ဖာလုံအနက် ပန်ဆန်းမြို့အဝင် ၁မိုင် ၇ဖာလုံကို ၂၄ပေအကျယ် ကွန်ကရစ်လမ်း ခင်းထားပြီး ဖြစ်သည့်အတွက် ကျန်ရှိသော ၁၅မိုင် ၅ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၀၆–၂၀၀၇ခုနှစ် လမ်းလုပ်ငန်း ပွင့်လင်းရာသီတွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်တည်ဆောက်

ဆက်လက်ပြီး ကလေးဝ–မော်လိုက်လမ်းသစ်ဖောက်လုပ်မှု အခြေအနေကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး၏ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ခရီးစဉ်တွင် လမ်းညွှန်ခဲ့သည့် ကလေးဝ–မော်လိုက်လမ်း အသစ်ဖောက်လုပ်ရေးအတွက် ၂၀၀၃ ခုနှစ် မတ် ၂၁ ရက်တွင် လမ်းအူကြောင်း စတင်တိုင်းတာခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ဖောက်လုပ်ခဲ့ပါကြောင်း၊ ကလေးဝမှ မော်လိုက်အထိ ၃၆မိုင်ကို ၂၁–၃–၂၀၀၄ရက်တွင် ရည်မှန်းချက်အတိုင်း မြေသားလမ်းဖောက်လုပ်ပြီးစီးခဲ့ပြီး ရာသီမရွေး သွားလာနိုင်ရေးအတွက် ကျောက်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၀၆ခုနှစ် ဇူလိုင်၃၁ ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ ၎င်းလမ်းပေါ်၌ ပေ ၁၀၀ အောက် တံတား ၁၄၈ စင်းနှင့် ပေ ၁၀၀ အထက် တံတား ၂၂ စင်း ဆောက်လုပ်ရန် လျာထားခဲ့ရာ ၃၁–၇–၂၀၀၆ ရက်အထိ ပေ ၁၀၀ အောက် တံတား ၁၄၆ စင်းနှင့် ပေ ၁၀၀ အထက် တံတား ခုနစ်စင်း တည်ဆောက်ပြီးစီးခဲ့ပြီး ကျန်တံတားများကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

ခရိုင်ချင်းဆက်လမ်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၀၂) လမ်းညွှန်ချက်အရ ၂၀၀၂–၂၀၀၃ ခု ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် ရန်ကုန်မှ မန္တလေးအထိ ၄၀၀မိုင် ၁ ဖာလုံရှိပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ရှိ စည်ပင်သာယာရေးအဖွဲ့များဖြင့် ဖောက်လုပ်လျက်ရှိပါကြောင်း၊ ရန်ကုန်–မန္တလေး ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် မြေသားလမ်း ၃၂၃ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်း ၂၃၆ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၇မိုင် ၂ဖာလုံ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိသော ကျောက်ချောလမ်း ၈၉မိုင် ၇ဖာလုံနှင့် ကတ္တရာလမ်း စုစုပေါင်း၃၆မိုင် ၆ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေး–မော်လမြိုင်ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ပါဝင်ပြီး စုစုပေါင်းမိုင် အရှည် ၄၄၀မိုင် ၆ဖာလုံရှိပါကြောင်း၊ နယ်စပ်/ စည်ပင်ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်း၌ ၁၂၉မိုင် ၂ဖာလုံနှင့် ပဲခူးတိုင်း၌ ၃၃မိုင် ၆ဖာလုံ စုစုပေါင်း ၁၆၃မိုင်ကို ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေသားလမ်း ၁၄၇မိုင် ၁ဖာလုံ၊ ကျောက်ချောလမ်း ၁၈မိုင်နှင့် ကတ္တရာလမ်း ၃မိုင် ဆောင်ရွက်ပြီးစီးနေပါကြောင်းကို တင်ပြအပ်ပါကြောင်း။

သန့်ရှင်းသောသောက်သုံးရေ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၉ခုနှစ် ဧပြီလတွင် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

လမ်းညွှန်ချက်အရ စည်ပင်သာယာရေးအဖွဲ့များက ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်း၌ ၈၀၄၂ရွာရှိပြီး အခြားပြည်နယ်နှင့် တိုင်း ၁၄ခု၌ ၁၅၁၈၃ရွာရှိသဖြင့် တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း ၂၃၂၂၅ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် စီမံကိန်းကာလ စတင်သော ၂၀၀၀–၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ဩဂုတ်လကုန်အထိ ကျေးရွာစုစုပေါင်း ၇၇၉၂ရွာ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၇ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ပြည်နယ်နှင့်တိုင်း ၁၄ခုတွင်လည်း ဆောင်ရွက်ပေးရန် ကျေးရွာ ၁၅၁၈၃ ရွာအနက် ကျေးရွာ စုစုပေါင်း ၈၅၈၈ရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၅၇ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း။

ပြည်နယ်နှင့်တိုင်းအားလုံးရှိ ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၆၃၈၀ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၇၁ရာခိုင်နှုန်းကို သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

ကျေးလက်အိမ်ရာစီမံကိန်း

ကျေးလက်အိမ်ရာစီမံကိန်းကို ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်မှ စတင်ကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျေးလက်အိမ်ရာများကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ အဓိက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ကျေးလက်အိမ်ရာပေါင်း ၈၂၀၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ၇၈၉လုံး၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၇၆၅လုံး ဆောက်လုပ်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၈–၉–၂၀၀၆ရက်အထိ ၁၈လုံး ဆောက်လုပ်ပြီးစီးနေပြီး ၁၁၀ဆောက်လုပ်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ကျေးလက်အိမ်ရာ ၂၇၀၄လုံး ဆောက်လုပ်ပြီးစီးပြီး ၁၁၀ ဆောက်လုပ်ဆဲဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို တင်ပြလိုပါကြောင်း။

အခမဲ့ထောက်ပံ့

မြန်မာနိုင်ငံနယ်စပ်ဒေသ၌ ဘိန်းစိုက်ပျိုးမှုအများဆုံးဖြစ်ခဲ့သည့် ကိုးကန့်ဒေသသည် ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ‘ဝ’ဒေသသည် ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ခဲ့ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူမိသားစုများ လတ်တလောရိက္ခာအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၀၃ ခုနှစ်မှစတင်ပြီး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ WFP အနေဖြင့် ၂၀၀၃ ခုနှစ်တွင် ဆန်တန်ချိန် ၇၆၀၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဆန်တန်ချိန် ၉၈၅၅ တန်နှင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဆန်တန်ချိန် ၁၉၉၆၁ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၃၀၅၇၆ တန်ကို ကိုးကန့်ဒေသ၊ ‘ဝ’ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်၊ ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်ဒေသ များက ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တိုင်းရင်းသားတောင်သူများအား ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ဤကဲ့သို့ဖြန့်ဝေရာမှ သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူများအား အခမဲ့ထောက်ပံ့ခြင်း၊ ကျေးရွာအကျိုးပြုလုပ်ငန်း လုပ်ကိုင်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ ကျောင်းတက်သည့် ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများအား ဆန်ထောက်ပံ့ပေးခြင်းအစီအစဉ် သုံးမျိုးဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

၂၀၀၅ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံမှ WFP သို့ လှူဒါန်းသည့် ဆန်တန် ၁၀၀၀ ကိုလည်း တာချီလိတ်မြို့မှတစ်ဆင့် ‘ဝ’ဒေသသို့ ပို့ဆောင်ဖြန့်ဝေပေးခဲ့ပါကြောင်း။

ဆက်လက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာ–တရုတ်နယ်စပ်ရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအတွက် ယွမ်သန်း ၃၀၊ မြန်မာငွေကျပ် ငါးဘီလီယံဖိုးခန့်ရှိသည့် ဆန်တန်ချိန် ၁၀၀၀၀ကို ၂၀၀၆ခုနှစ် စက်တင်ဘာလမှ စတင်ထောက်ပံ့မည်ဖြစ်သည့်အတွက် ပန်ဝါ၊ လိုင်ဇာ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားမှ တစ်ဆင့် ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများသို့ ဆက်လက်ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လူထုဖွံ့ဖြိုးရေး

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် “ဝ”ဒေသ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်း Wa Alternative Development Project (WADP) ကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၂၉သန်းဖြင့် ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၇ခုနှစ်အထိ“ဝ”ဒေသ(တောင်ပိုင်း)မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၁၉၉၄ခုနှစ်က စတင်ပြီး ၂၀၀၇ခုနှစ်အထိ UNDP ထည့်ဝင်ငွေ ၃၈သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်း အဆင့်ဆင့်ဆောင်ရွက်မှုအနေဖြင့်–

- စီမံကိန်းအဆင့် (၁)ကို ၁၉၉၄ခုနှစ် ဇန်နဝါရီလမှ ၁၉၉၆ခုနှစ် ဇွန်လအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်သန်းဖြင့်လည်းကောင်း၊
- စီမံကိန်းအဆင့်(၂)ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ ခုနှစ် ဇွန်လအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ဒသမ၉ သန်းဖြင့်လည်းကောင်း၊
- စီမံကိန်းအဆင့်(၃)ကို ၁၉၉၉ ခုနှစ် စက်တင်ဘာလမှ ၂၀၀၂ ခုနှစ် ဩဂုတ်လအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ဒသမ၂ သန်း ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊
- စီမံကိန်းအဆင့်(၄)ကို ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကချင်ပြည် နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ် များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီး တောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ် စုစုပေါင်း ၂၆ မြို့နယ်က ကျေးရွာပေါင်း ၈၄၉ ရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရရှိရေးလုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ဒသမ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊
- အဆင့်(၁)မှ အဆင့်(၄)အထိ UNDP ထည့်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈ သန်း ဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

ထိထိရောက်ရောက်အကောင်အထည်ဖော်

နိဂုံးချုပ်အနေဖြင့် နယ်စပ်/စည်ပင်ဝန်ကြီးဌာနသည် နတလ ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို နတလလုပ်ငန်းကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် နတလဗဟိုကော်မတီမှ နယ်စပ်/စည်ပင် ဝန်ကြီးဌာနအား သီးခြားတာဝန်ပေးအပ်ထားသည့် လုပ်ငန်းများကိုလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ပြီးစီးမှုတင်ပြ

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လွိုင်လင်ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကို ဤသို့ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နယ်စပ်ဒေသမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်မှုတင်ပြ

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နယ်စပ်ဒေသများသည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ကြကြောင်း၊ နှစ်ကာလရှည်ကြာစွာ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ကျေးရွာအတော်များများ ပျက်စီးပျောက်ကွယ်ခဲ့ပြီး ဒေသခံတိုင်းရင်းသားများလည်း ရွှေ့ပြောင်းသွားခဲ့မှုများရှိခဲ့ကြကြောင်း၊ လမ်းပန်းဆက်သွယ်မှု မကောင်းသဖြင့်လည်း နယ်စပ်ဒေသများနှင့် အတွင်းပိုင်းဒေသများအကြား အဆက်အစပ် အားနည်းခဲ့ရကြောင်း၊

လက်တွေ့ကျကျ

ထို့ကြောင့် မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသများသည် နိုင်ငံတော်၏ ရှေ့တန်းအမာခံ ဒေသများဖြစ်၍ အဘက်ဘက်မှ တောင့်တင်းခိုင်မာအောင် ပြန်လည်တည်ဆောက်နိုင်ရန် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်၍ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အရ ဖွံ့ဖြိုးတိုးတက်လာအောင်၊ စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ တောင့်တင်းခိုင်မာလာအောင် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ဖော်ထုတ်ပြုပြင်

နိုင်ငံတော်ကချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အညီ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေသည်ထက် ခိုင်မာအောင် တာဝန်ရှိသူအဆင့်ဆင့်က နယ်စပ်ဒေသအရောက်ကွင်းဆင်းထိတွေ့၍ အားနည်းချက်များကို ဖော်ထုတ်ပြုပြင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ရည်ရွယ်ချက်(၅)ရပ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုစနစ်ကို လှေကားထစ် လယ်ယာမြေစိုက်ပျိုးမှုစနစ်ဖြင့် အစားထိုးရန်၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံပို့လျှံရေးကို အထောက်အကူပြုရန်၊ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ရွှေ့ပြောင်းနေထိုင်စိုက်ပျိုးရသည့် အခြေအနေမှ အတည်တကျ အခြေချနေထိုင်သည့်ဘဝကို ထူထောင်ပေးရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အကျိုးပြုစေရန်ဟူသည့် ရည်ရွယ်ချက်(၅)ရပ်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့၌ ၂၀၀၂-၂၀၀၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ဌာနအနေဖြင့် ၈၇၇၅ ဧက၊ တောင်သူများက ၁၀၁၁၃ ဧက စုစုပေါင်းကုန်းမြင့်လယ်ယာမြေ ၁၈၀၈၈ ဧက ဖော်ထုတ်ပြီးဖြစ်သည်။

ကုန်းမြင့်လယ်ယာ

နယ်စပ်ဒေသပြည်နယ်များ၌သာမက မကွေးတိုင်း ဆောမြို့နယ် ကျောက်ထုဒေသ၌လည်း ကုန်းမြင့်လယ်ယာဧက ၂၀၀ ကျော် ဖော်ထုတ်ပြီးဖြစ်ရာ တစ်နိုင်ငံလုံးအနေဖြင့် ကုန်းမြင့်ဒေသလယ်ယာမြေစုစုပေါင်း ၁၈၂၈၂ ဧကကို ဖော်ထုတ်ပြီးဖြစ်သည်။

ဖော်ထုတ်ပြီးစီးသည့် ကုန်းမြင့်လယ်ယာမြေများအတွက် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်း ၂၃၆၂သိန်းကျော် ကျခံသုံးစွဲခဲ့သည်။ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်မှုလုပ်ငန်းကို ၂၀၁၂-၂၀၁၃အထိ ၁၀နှစ် စီမံကိန်းဖြင့် ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းတွင် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ရာ၌ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး ပထမငါးနှစ်စီမံချက် ၂၀၀၂- ၂၀၀၃ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ဆောင်ရွက်လျက်ရှိသည့်ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ မြို့နယ်စုစုပေါင်း ၂၀ တွင် ဖြစ်သည်။

သရုပ်ပြစိုက်ပျိုး

ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများမှာ ရွှေ့ပြောင်းတောင်ယာစာရင်းကောက်ယူခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ သရုပ်ပြစိုက်ပျိုးပညာပေးခြင်း၊ ပျိုးပင် ဖြန့်ဝေခြင်း၊ ဝင်ငွေတိုးအဖွဲ့ ဖွဲ့စည်းခြင်းတို့ဖြစ်သည်။

ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၀၂-၂၀၀၃ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ ငွေကျပ် ၂၂ဒသမ၅၀၆သိန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

အခမဲ့ဖြန့်ဖြူး

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများရှိ တိုင်းရင်းသားအိမ်ထောင်စုများသို့ မွေးမြူရေးဘဏ်(Livestock Bank)စနစ်ဖြင့် ဒေသကြက် ၄၇၈၂၅ ကောင်၊ ဝက်၃၄၆၆ ကောင်နှင့် ဆိတ်များကို ၂၀၀၂-၂၀၀၃မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ အခမဲ့ဖြန့်ဖြူးပေးခဲ့သည်။

ထို့အပြင် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ၂၀၀၆ခုနှစ် ဩဂုတ်၃၁ရက်အထိ နယ်စပ်ဒေသစံပြမွေးမြူရေးခြံများမှ မျိုးကြက်၅၃၀၅ကောင်နှင့် မျိုးဝက်၁၂၇၄ ကောင်ဖြန့်ဖြူးပေးနိုင်ခဲ့ရာ နယ်စပ်ဒေသမွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ခုနှစ်မှ ၃၁-၈-၂၀၀၆ရက်အထိ မျိုးကြက် ၂၄၆၆၅၈ ကောင်၊ မျိုးဝက် ၂၂၄၄၁ ကောင် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသများရှိ တိရစ္ဆာန်ဆေးကုအခြေစိုက်ရုံးများအနေဖြင့် ကျွဲ၊နွား၊ ဝက်၊ကြက်များအား ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်း၊ ရောဂါ ကုသပေးခြင်း၊ မျိုးညံ့သင်းကွပ်/ခွဲစိတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မျိုးကောင်းမျိုးသန့်

ထို့အပြင် တိုင်းရင်းသားအဖွဲ့များသို့ မျိုးကောင်းမျိုးသန့် မြည်း/သိုး၊ ခိုင်းနွား၊ မျိုးဝက်နှင့် ဒေသနွားများကို အခမဲ့ဖြန့်ဖြူးပေးခဲ့သည်။

နယ်စပ်ဒေသမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၆ခုနှစ် ဩဂုတ်လအထိ ငွေကျပ်၁၄၉၁ဒသမ၃၈သန်းကျခံသုံးစွဲပြီးဖြစ်သည်။

စီမံချက်ချမှတ်

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်စေရေးတို့အတွက် နယ်စပ်ဒေသရှိ လမ်းများကို ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်အောင် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသရှိ လမ်းတစ်ခုချင်းအလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်ပြီး မြေလမ်းမှ အမာခံလမ်း၊ အမာခံလမ်းမှ ကျောက်ချောလမ်းနှင့် ကျောက်ချောလမ်းမှ ကတ္တရာလမ်းအထိ အဆင့်ဆင့် တိုးမြှင့် တည်ဆောက်လျက်ရှိသည်။

လမ်းတိုးချဲ့ခြင်းလုပ်ငန်း

ဒေသဖွံ့ဖြိုးလာမှုနှင့် ယာဉ်သွားလာမှုတို့အပေါ် မူတည်၍ တစ်လမ်းသွားမှ နှစ်လမ်းသွား၊ နှစ်လမ်းသွားမှ လေးလမ်းသွားအဆင့် လမ်းချဲ့ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နယ်စပ်ဒေသနှင့် ဆက်စပ်လျက်ရှိသော လမ်းလုပ်ငန်း စုစုပေါင်း ဆောင်ရွက်ပြီးစီးမှုမှာ မြေလမ်း ၄၂၅၂မိုင် ၄ဖာလုံ၊ အမာခံလမ်း ၈၆၈မိုင် ၇ဖာလုံ၊ ကျောက်ခင်းလမ်း ၃၀၀၇မိုင် ၆ဖာလုံ၊ ကတ္တရာလမ်း ၂၁၈၆မိုင် ၃ဖာလုံ စုစုပေါင်း ၁၀၃၁၅မိုင် ၄ဖာလုံဖြစ်သည်။

နယ်စပ်ဒေသနှင့် ဆက်စပ်လျက်ရှိသော တံတားလုပ်ငန်းများမှာ ပေ ၁၈၀ နှင့် အထက် တံတားကြီး ၇၆စင်း၊ ပေ၁၈၀အောက် တံတားငယ် ၃၆စင်း၊ ကြိုးတံတားကိုးစင်း စုစုပေါင်း ၁၂၁စင်း ဖြစ်သည်။

စူးစမ်းရှာဖွေ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဒေသအလိုက် ဖြစ်မြောက်နိုင်စွမ်းရှိသော အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များကို စူးစမ်းရှာဖွေလျက်ရှိရာ ကီလိုဝပ် ၁၀၀မှ ၁မဂ္ဂါဝပ်၊ ၁မဂ္ဂါဝပ်မှ ၂မဂ္ဂါဝပ်၊ ၂မဂ္ဂါဝပ်မှ ၅မဂ္ဂါဝပ်အထိ ရရှိနိုင်မည့် စီမံကိန်းများအဖြစ် ကချင်ပြည်နယ်၌ ၂၃ခု၊ ကယားပြည်နယ်၌ သုံးခု၊ ကရင်ပြည်နယ်၌ ၁၁ခု၊ ချင်းပြည်နယ်၌ ၁၁ခု၊ စစ်ကိုင်းတိုင်း၌ ၂၀၊ တနင်္သာရီတိုင်း၌ ၁၃ခု၊ ပဲခူးတိုင်း၌ ခုနစ်ခု၊ မကွေးတိုင်း၌ ခုနစ်ခု၊ မန္တလေးတိုင်း၌ ခြောက်ခု၊ မွန်ပြည်နယ်၌ ခုနစ်ခု၊ ရခိုင်ပြည်နယ်၌ ရှစ်ခု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၁၉ခု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ၃၀ စုစုပေါင်း စီမံကိန်းအရေအတွက် ၁၈၅ခုဖြစ်ပြီး ရေအားလျှပ်စစ် ၁၈၇မဂ္ဂါဝပ်ကျော် ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီတလီနိုင်ငံသံအမတ်ကြီးအသစ်အဖြစ် မစ္စတာ ဂီယူဆက်ပီစင်တီအား ခန့်အပ်ရန် အီတလီအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

မစ္စတာဂီယူဆက်ပီစင်တီသည် အီတလီနိုင်ငံ မာဆာရာကာမြို့၌ ၁၉၄၅ ခုနှစ် မေ ၅ရက်တွင် မွေးဖွားခဲ့ပြီး မာဆာရာကာတက္ကသိုလ်မှ ဥပဒေဘွဲ့ကိုရရှိခဲ့သည်။ ၎င်းသည် ၁၉၇၄ခုနှစ်တွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက် အမှုထမ်းဆောင်ခဲ့ပြီး ၁၉၇၄ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဇူးရစ်မြို့၊ နိုင်ရိုဘီမြို့၊ ထရီပိုလီမြို့နှင့် လောဆန်းမြို့တို့ရှိ အီတလီသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ခုနှစ်မှစတင်၍ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနရှိ အာရှနှင့်ပစိဖိတ်ဌာန(၁)၌ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဂီယူဆက်ပီစင်တီသည် အိမ်ထောင်သည် တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော ပညာရေးကိုဖော်ဆောင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်

ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ပေးပို့သည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များ၏စုပေါင်းသဝဏ်လွှာ-

(၂၀၀၆ခုနှစ် အောက်တိုဘာလ ၅ ရက်)

လေ့လာသင်ယူမှုနှင့်လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထုထည်ကြီးမားစွာဖြင့် ပါဝင်ဆောင်ရွက်နေကြသည့် ဆရာများအား အသိအမှတ်ပြုသောအားဖြင့် ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

ယခုနှစ်သည် ဆရာများ၏ဂုဏ်ဒြပ်နှင့်ပတ်သက်၍ အိုင်အယ်လ်အိုနှင့်ယူနက်စကိုတို့ပူးပေါင်း၍ ဆရာများ၏ ဂုဏ်ဒြပ်နှင့်သက်ဆိုင်သောထောက်ခံတင်ပြချက်ကို တင်သွင်းခဲ့သည့် အနှစ်(၄၀)မြောက် အထိမ်းအမှတ်နှစ်လည်း ဖြစ်ပါသည်။ ၁၉၆၆ခုနှစ် အောက်တိုဘာလ ၅ရက်တွင် အစိုးရအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သည့် နိုင်ငံတကာအထူးညီလာခံတွင် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် အဆိုပါထောက်ခံတင်ပြချက်ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့ကြပါသည်။ ဆရာများအတွက် ကြိုတင်ပြင်ဆင်မှုနှင့်ရာထူးခန့်ထားမှု၊ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆရာများနှင့် သင်ကြားရေးအဖွဲ့များ ပူးပေါင်းပါဝင်နိုင်မှု၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုပတ်ဝန်းကျင်အဖြစ် မြှင့်တင်ပေးနိုင်ရေးအတွက် နိုင်ငံအလိုက် ဆောင်ရွက်ချက်များအပေါ် လေ့လာတိုင်းတာမှုစသည့်လုပ်ငန်းများကို နိုင်ငံတကာမှ အာရုံစိုက်ဆောင်ရွက်လာကြပြီဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း၄၀ကျော်ခန့်မှစ၍ ပညာရေးတွင် ကြီးမားသောပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသောကမ္ဘာကြီးတွင် လူမှုစီးပွားရေးဆိုင်ရာစိန်ခေါ်မှုအသစ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် အမျိုးသားပညာရေးစနစ်များကို လိုက်လျောညီစွာပြုပြင်ပြောင်းလဲပေးရန် လိုအပ်လာပါသည်။ ပညာသင်ယူမှုအခွင့် အလမ်းများတိုးတက်လာသော်လည်း ပညာရေးစနစ်များမှာ အခက်အခဲများအကြားတွင် ကြိုးပမ်းရုန်းကန်နေရဆဲဖြစ်သည်။ မူလတန်းကျောင်းနေအရွယ်ကလေးသန်း၁၀၀ခန့်မှာ ကျောင်းမနေနိုင်ကြသေးပါ။ အများစုမှာ မိန်းကလေးများနှင့် ကလေးအလုပ်သမားများ ဖြစ်နေကြပါသည်။ ကမ္ဘာ့သက်ကြီးလူဦးရေ၏ ငါးပုံတစ်ပုံခန့်ရှိသည့် သန်း၈၀၀ခန့်မှာလည်း စာမတတ်သေးသူများဖြစ်နေကြသည်။ နိုင်ငံအများအပြားတွင် သင်ယူမှုအခွင့်အလမ်းတိုးချဲ့ရာတွင် အခြေခံအကျဆုံးသော အခက်အခဲတစ်ရပ်မှာ လူမှုအဖွဲ့အစည်းများဖွံ့ဖြိုးရေးအတွက် အရေးပါသည့်စည်းမျဉ်းများကို လေးစားလိုက်နာနိုင်သည့် အရည်အသွေးပြည့်ဝသောဆရာအင်အား အပြည့်အဝ မရရှိခြင်းပင်ဖြစ်သည်။ ဆရာများသည် စိန်ခေါ်မှုအများအပြားအကြားတွင် ဆက်လက်လုပ်ကိုင်နေကြရသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါပျံ့နှံ့မှုမှာလည်း ထပ်ဆောင်းပြဿနာတစ်ရပ်ဖြစ်လာသည်။ အရည်အသွေးရှိသော အခြေခံပညာရေးရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်နိုင်ရေးအတွက် နောင်လာမည့် ၁၀စုနှစ်အတွင်း အနည်းဆုံး ဆရာဦးရေ ၁၈သန်းခန့် ထပ်မံလိုအပ်မည်ဟု ခန့်မှန်းပါသည်။

ကျွန်ုပ်တို့သည် လေ့လာသင်ယူသူအားလုံးအတွက် အရည်အသွေးပြည့်ဝသော ပညာရေးကိုဖော်ဆောင်ပေးရန် ကတိကဝတ်ပြုထားပြီးဖြစ်ပါသည်။ ဤရည်မှန်းချက်သည် ကလေးများ၏ အခြေခံအခွင့်အလမ်းများကို အလေးထားရေး အပါအဝင် သင့်လျော်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ဘဝသာယာရေးနှင့် ဆင်းရဲမွဲတေမှုလျော့ပါးစေမည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဤရည်မှန်းချက်ကိုဖော်ဆောင်နိုင်ရေးအတွက် ၁၉၆၆ ခုနှစ် က ထောက်ခံတင်ပြထားသည့် လုပ်ငန်းလမ်းညွှန်များကိုအခြေခံ၍ လိုအပ်သည့်ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ နှစ်ပေါင်း၄၀အတွင်း ဆရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ကိုယ်ကျင့်သိက္ခာထိန်းသိမ်းမှုစွမ်းအားသည် နိုင်ငံတကာစံတစ်ရပ်အဖြစ် အစဉ်ထာဝရခိုင်မာစွာရပ်တည်နေမည်ဖြစ်သည်။ ယင်းသတင်းအချက်အလက်များကို ယခုအခါနေရာတိုင်းတွင် စနစ်တကျအသုံးပြုနိုင်ရန် လိုအပ်ပါသည်။

ဆရာများသည် ပညာရေးစနစ်၏ နှလုံးသည်းပွတ်ပင်ဖြစ်ပါသည်။ ဆရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် လေးစားမြတ်နိုးလာရေး၊ ဆရာများအား လေ့ကျင့်သင်တန်းပေးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်နိုင်ပါက ဆရာအင်အားမလုံလောက်မှုနှင့် ပညာရေးစိန်ခေါ်မှုများကို ရေရှည်ဖြေရှင်းကျော်လွှားနိုင်မှုမရှိပါ။ လုပ်ငန်းခွင်နေရာချထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ သင့်လျော်မှုနှင့်လုံလောက်သောချီးမြှင့်ထောက်ပံ့မှုများမှတစ်ဆင့် ဆရာများ၏မျှော်မှန်းချက်နှင့် စိတ်ဓာတ်စေ့ဆော်မှုများကို မြှင့်တင်ပေးခြင်းဖြင့် ဆရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပံ့ပိုးပေးရန်ဖြစ်သည်။ အခြေခံပညာရေးပြုပြင်ပြောင်းလဲမှုများအပေါ် အဆုံးအဖြတ်ပြုရာတွင် ဆရာများ၏ သဘောထားများကိုရယူနိုင်ရေးအတွက် အပြန်အလှန်ဆွေးနွေးမှုများကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ သင်ကြားသင်ယူမှုလုပ်ငန်းများ ထက်မြက်လာရေးအတွက် ဆရာများအား ပိုမိုလေ့ကျင့်သင်တန်းပေးရန်နှင့် ပိုမိုအရည်အသွေးပြည့်ဝသောဆရာများ ပေါ်ထွန်းလာစေရန် အဓိကထား၍ ဆောင်ရွက်ပေးရမည်။ ယနေ့လူငယ်များနှင့် အနာဂတ်မျိုးဆက်သစ်များအား ထိုအခွင့်အလမ်းများရရှိစေရန်မှာ ကျွန်ုပ်တို့၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပါသည်။

ပညာရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများအဖြစ် အစိုးရအဖွဲ့အစည်းများ၊ အဆင့်ဆင့်သော ပညာရေးဌာနများ၊ ဆရာသမဂ္ဂများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများ၊ ပုဂ္ဂလိကများ၊ မိဘများနှင့် ဆရာဆရာမအားလုံးတို့ကို သတိမှတ်ဖော်ညွှန်းပါသည်။ ဆရာများ၏ ဂုဏ်ဒြပ်နှင့်စပ်လျဉ်း၍ အိုင်အယ်လ်အိုနှင့် ယူနက်စကိုအဖွဲ့တို့က ၁၉၆၆ ခုနှစ်တွင် ထောက်ခံတင်ပြခဲ့သည့် အခြေခံစည်းမျဉ်းများနှင့်အညီ အဆိုပါအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆရာများအတွက် ဘဝသစ်ကိုတည်ဆောက်ပေးရန်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းအတွက် အရည်အသွေးရှိသော ပညာရေးကိုဖော်ဆောင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်းသည် ဆရာအားလုံးကို ကျေးဇူးတင်ကြောင်းပြသသည့် အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ကလေးများနှင့် သက်ကြီးသင်ယူသူများအတွက် ဤနည်းလမ်းမှအပ အခြားကျေးဇူးပြုနိုင်သည့် နည်းလမ်းမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကိုအီချီရိုမတ်ဆုအုရာ **ညွှန်ကြားရေးမှူးချုပ်** **ယူနက်စကို**	**ဂွါန်ဆိုမာဘီးယား** **ညွှန်ကြားရေးမှူးချုပ်** **အိုင်အယ်လ်အို**
ကယ်မယ်ဒါးဗစ် **အုပ်ချုပ်ရေးအရာရှိ** **ယူအင်ဒီပီ**	**အန်းအမ်ဘီနီမန်** **အမှုဆောင်ညွှန်ကြားရေးမှူး** **ယူနီဆက်**

NLD ပါတီ၏ လုပ်ရပ်များကြောင့်ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၇၂ဦးတို့စုပေါင်းနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်အောင်၊ ဦးခင်မောင်၊ ဒေါ်အေးအေးသန်း၊ ဒေါ်ကျင်မွေး၊ ဒေါ်ခင်ရီ၊ ဒေါ်သန္တာထွေး၊ ဦးနိုင်ဝင်း၊ ဦးမောင်မောင်လေး၊ ဦးမြင့်နိုင်နှင့် ဒေါ်သန်းသန်းတို့အပါအဝင် ပါတီဝင် ၇၂ဦးတို့သည် စက်တင်ဘာ ၄ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကြကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့ အစည်းများသို့ လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ ပါတီဝင် ၇၂ဦးတို့၏ နုတ်ထွက်လွှာတွင် NLDပါတီ၏ လုပ်ရပ်များကြောင့် ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့ကြောင်း၊ NLD ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အောင်ချမ်းသာအိမ်ရာ ဆွမ်းသိမ်းတရားပွဲ

ရန်ကုန် အောက်တိုဘာ ၄

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)သည် ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ၆ရက်)သောကြာနေ့ မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာ သာသနာနုဂ္ဂဟဓမ္မာရုံ၌ ဝါတွင်းကာလဆွမ်းသိမ်းအထူးတရားပွဲ၌ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာ့ဆရာများနေ့ အတွေးပုံရိပ်

အောက်တိုဘာလ ၅ရက်နေ့ကို **ကမ္ဘာ့ဆရာများနေ့**ဟု ၂၀၀၂ခုနှစ်တွင် သတ်မှတ်ပြီး နိုင်ငံအသီးသီးတွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားများ၊ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ပြပွဲများ၊ အထိမ်းအမှတ်ပစ္စည်းများ၊ စာစောင်များ၊ မဂ္ဂဇင်းများနှင့် ပို့စကတ်များ ဆောင်ရွက်ထုတ်လုပ်ကြရန် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းကြီးလေးခုက ဆော်သြခဲ့ပါသည်။

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှုအရ ဝါလကင်းလွတ် သီတင်းကျွတ် (အောက်တိုဘာလ)တွင် ကျေးဇူးရှင် မိဘနှင့် ဆရာများအား ကန်တော့ကြသည့် အစဉ်အလာရှိပေရာ နိုင်ငံအဆင့်အခမ်းအနားကျင်းပခဲ့ရာတွင် အခက်အခဲမရှိဘဲ ထူးထူးခြားခြား အောင်မြင်ခဲ့ပါသည်။ နိုင်ငံတကာအဆင့် ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ အချို့အချို့သော နိုင်ငံများတွင် ဆရာ့လုပ်ငန်းသို့ ဝင်ရောက်လာသည့် လူငယ်များ နည်းပါးလာခြင်းကြောင့် ဆရာ့လုပ်ငန်းကို အားဖြည့် ဂုဏ်တင်ရန်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ပညာရေးသည် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်းကို မီးမောင်း ထိုးပြလိုက်ခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံကမ္ဘာ့ဆရာများနေ့(၂၀၀၂) ပို့စကတ်တွင် ဆရာအတွက် အဓိပ္ပာယ်သတ်မှတ်ချက်ကို ဤသို့ဖော်ပြထားသည်။

'လောကကို ပညာဖြင့်အလှဆင်သူ၊ သောကကို ကရုဏာဖြင့် ဖြေဖျောက်သူ၊ အများအကျိုးကို ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်တတ်သူ...ဆရာဟူ၏'

ပညာရေးသုတေသီတစ်ဦး

မြတ်ပညာကို ပေးဝေနေသူအား ရှာကြည့်ပြန်ရာ မြတ်ဆရာကို တွေ့လာရသည်။

<u>မြတ်ဆရာ</u>

ရှေးရှုမေတ္တာ၊ ကရုဏာနှင့်
နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း
ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ
ဆရာဟူလော့။

မဃဒေဝ။

အထက်ပါ စာစုနှစ်ခုသည် ကျောင်းတိုင်းတွင် ရေးသားချိတ်ဆွဲထားသင့်ပြီး ကျောင်းသားထုစုဝေးပွဲများနှင့် လူမှုရေးဘာသာရပ်များ သင်ကြားရာတွင် ထည့်သွင်းရှင်းပြသင့်ပါသည်။ ဤသို့ သင်ပြရှင်းလင်းရာတွင် ပညာသည် အမှားအမှန် ဝေဖန်ပိုင်းခြားပြီး လုပ်ငန်းတစ်ခုကို ထိရောက် အောင်မြင်စွာ လုပ်ဆောင်နိုင်သော လူ့စွမ်းရည်ဖြစ်ပြီး စာ(ဘာသာစကား)သည် ပညာကို များများနှင့်မြန်မြန် ရယူနိုင်သော ကိရိယာသာဖြစ်သည်ကို ငယ်စဉ် ကျောင်းသားဘဝကပင် သိမြင်သွားအောင် ဆောင်ရွက်ရပါမည်။



ပညာနှင့်စာ



ပညာကိုလွှမ်းမိုးသည့်အချက်များ

၎င်းအဓိပ္ပာယ်သတ်မှတ်ချက်ကို ပိုမိုပီပြင်လာအောင် ပုံဖော်ပေးသည့် ဖြစ်ရပ်မှန်များလည်း မြန်မာနိုင်ငံတွင် ဖြစ်တည်လျက်ရှိပါသည်။ ထင်ရှားသော သာဓကများမှာ စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်မှ ကျောင်းနှင့် ဘော်ဒါဆောင်အတွက် ကျေးရွာက လှူဒါန်းသည့် ပဲအိတ်များနှင့် ကျောင်းသားငယ်တို့၏ အသက်ကို မိမိ၏အသက်ကိုပင် ပဓာနမထားဘဲ အသေခံကယ်တင်သူ ဆရာစိန် (သက်ငယ်ရိုးနှင့် ခေါင်းလောင်းထိုးသူ မှတ်တမ်း)၊ ချင်းပြည်နယ်မှ ကျောင်းနှင့်ရွာကို မီးလောင်ရာတွင် အသက်စွန့် ကာကွယ်ခဲ့သူ ချင်းတိုင်းရင်းသား ဆရာနှင့် ပဲခူးတိုင်း ကဝမြို့နယ် သက္ကလစံပြကျေးရွာတွင် ရေစီးကြောင်းထဲ မျောပါသွားသည့် ဒုတိယတန်း ကျောင်းသူနှစ်ဦး၏ အသက်များကို ဆရာမ ဒေါ်စိန်ဌေးက ခက်ခက်ခဲခဲ သက်စွန့်ကြိုးပမ်း ကယ်တင်ခဲ့ခြင်းတို့ ဖြစ်ပါသည်။ သူတို့အားလုံးအား ကမ္ဘာ့ဆရာများနေ့ အခမ်းအနားများတွင် **"ထူးချွန်ဆရာများ"**အဖြစ် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခဲ့ပြီးလည်း ဖြစ်ပါသည်။ အခြားအခြားသော သာဓကများလည်း မြန်မာနိုင်ငံအနှံ့တွင် ဖြစ်တည်နေကြောင်းကိုလည်း တွေ့မြင် ကြားသိနေရပါသည်။

ဤဖြစ်စဉ်ဖြစ်ရပ်များ၏ နောက်ခံတွန်းအားကို ဆန်းစစ်လေ့လာကြည့်ရာတွင် မြန်မာနိုင်ငံရှိ ကျောင်းအချို့၏ ကျောင်းသားထု စုဝေးခန်းမများတွင် ချိတ်ဆွဲထားသည့် ဖော်ပြပါစာစုနှစ်ခုကို ထူးခြားစွာ တွေ့မြင်လာရသည်။

<u>မြတ်ပညာ</u>

ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။

မဃဒေဝ။

ကမ္ဘာ့ဆရာများနေ့(၂၀၀၆) အခါသမယတွင် ပညာရေးအတွေးအဆများကို အထက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ ကြည့်လိုက်သောအခါ ပညာရေး ဆိုသည်မှာ ပညာရယူနည်းစဉ်ဖြစ်သည်။ ပညာရေး မျှော်မှန်းချက်များနှင့် မူဝါဒများကို နိုင်ငံတော်အစိုးရများက ချမှတ်သည်။ ဆရာများက လက်တွေ့အကောင်အထည်ဖော်ပေးရသည်။ ရည်ရွယ်ချက် အကြောင်းအရာ၊ သင်နည်း၊ စာမေးပွဲစနစ်တို့ ပါဝင်သော **"သင်ရိုးညွှန်းတမ်း"**ကို သက်ဆိုင်ရာပညာရှင်များက ချမှတ်သည်။ ဆရာများက စာသင်ခန်း အတွင်းတွင် အကောင်အထည်ဖော် ပေးရသည်။ ကျောင်းသားလူငယ်တို့၏ အသိပညာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုရရှိရေး၊ စိတ်ဓာတ်ဖြစ်ထွန်းရေးတို့ကို ၎င်းတို့နှင့် နေ့စဉ်ဆက်ဆံ သင်ကြားပေးနေရသော ဆရာများသည် ပညာရေးဖြစ်စဉ်၏ ဗဟိုချက်မ ဖြစ်လာသည်။ အလွန်အမင်းအရေးပါ အရာရောက်လာသည်။ **ဆရာ၏လက်သည် သစ်ရိုင်းတုံးကို ဘီလူးရုပ်လည်း ထုနိုင်သည်။ မင်းသားရုပ်လည်း ထုနိုင်သည်။ ဆရာများသည် လူငယ်ပြုစုပျိုးထောင်ရေးတွင် အနန္တစွမ်းအားရှင်ဖြစ်လာသည်။ ထို့ကြောင့် ပညာရေးကဏ္ဍ၌ ကျောင်းနှင့်တူသောကျောင်းတွင် ကျောင်းသားနှင့်တူသော ကျောင်းသားများ ဖြစ်လာစေရန် ဆရာနှင့်တူသည့် ဆရာများ အထူးလိုအပ်လာပါသည်။**

ဆရာနှင့်တူသော ဆရာများဖြစ်လာစေရန် မျှော်မှန်း၍ ဆရာကို ရေလွှာ၊ ပညာရေးဖြစ်ထွန်းမှုများကို ရွှေကြာဟု တင်စားထားသည့် အတွေးပုံရိပ်တစ်ခုကို ကမ္ဘာ့ဆရာများနေ့(၂၀၀၆) ဂုဏ်ပြုစာစုအဖြစ် တင်ပြလိုပါသည်။

<u>ရေလွှာ</u>

ရေလွှာခန်းလျှင်
ရွှေကြာနွမ်းတတ်ပါတယ်။
ရွှေကြာတင့်အောင်
ရေလွှာမြှင့်ကြပါစို့။ ။

ဆရာ၏လက်သည် သစ်ရိုင်းတုံးကို ဘီလူးရုပ်လည်း ထုနိုင်သည်။ မင်းသားရုပ်လည်း ထုနိုင်သည်။ ဆရာများသည် လူငယ်ပြုစုပျိုးထောင်ရေးတွင် အနန္တစွမ်းအားရှင်ဖြစ်လာသည်။ ထို့ကြောင့် ပညာရေးကဏ္ဍ၌ ကျောင်းနှင့်တူသော ကျောင်းတွင် ကျောင်းသားနှင့်တူသော ကျောင်းသားများဖြစ်လာစေရန် ဆရာနှင့်တူသည့် ဆရာများ အထူးလိုအပ်လာ။

အမေ ဆရာ

* အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်တည့်
မိခင်ကမွေး၊ ဖကကျွေးပြီး
သွေးသစ်ဆင့်လောင်း၊ ဆရာကောင်းတို့
မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်
အတတ်လည်းသင်၊ ပဲ့ပြင်နိစ္စ
ကွပ်ဆုံးမ၍၊ ဘဝအမော
ခရောင်းတောကို
သောကနည်းစွာ၊ ဖြတ်သန်းလာကြ
ဆရာမ တပည့်များ၊ ဉာဏ်ရှေ့သွား၍
ကောင်းစားနေကြပါပြီ အမေ။

* အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်တည့်
တပည့်မရှား၊ အများကသိ
ချို့တဲ့ဘိလည်း၊ ပီတိနှလုံး
အပြုံးမျက်နှာ၊ မုဒိတာဖြင့်
ရင်မှာမွေးဖွား၊ တပည့်များကို
ဓားထက်တစ်ချောင်း၊ ဓားကောင်းတစ်လက်
နိုင်ငံ့တွက်လျှင်၊ ထမ်းရွက်မျှော်တွေး
ထုတ်လုပ်ပေးသည့်
ဓားသွေးကျောက်နှယ်ပါ အမေ။

* အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်တည့်
အစဉ်အေးမြ၊ စမ်းကျရေနှယ်
တင့်တယ်ချမ်းမြေ့၊ အမေ့မျက်နှာ
မြင်လိုပါ၍၊ သည်မှာစုရုံး
သိမ်းကျုံးကန်တော့၊ သားဆော့သမီးဆိုး
မျက်နှာပိုးသတ်ပြီး၊ ရုတ်ချည်းမြင်တွေ့
အမေ့မျက်လုံး၊ ယဲ့ယဲ့ပြုံးလျက်
လွှမ်းဖုံးပီတိ၊ ငွမ်းဆီထိသို့
ပန်းအိနှင်းဆီ၊ ပြုံးမျက်ရည်တွေ
သီသီဝေ့လို့ပါလား အမေ။

* အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်တည့်
ထင်ထင်လွှမ်းဆွတ်၊ မို့မို့တမ်းမိ
သိသိသားနှင့်၊ ဝေးလွင့်မေတ္တာ
ဝေးရောက်ပါလည်း
နှစ်မဆိုင်းဘဲ
နှစ်တိုင်း ကန်တော့ပါရစေ အမေ။ ။

(၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက်-)

သားကြီး

အမှတ်၃၉အိုလံပစ်တာဝါဝင်း ကမ်းနားလမ်း အလုံမြို့နယ်နေ ဦးကျော်ထွန်း၏မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး၊ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်းလက်ခံယူစဉ်။ (က-ပ)

ဝိပဿနာ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၄

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၆၆)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ အောက်တိုဘာ ၆ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းမှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ဆန့်ကျင်ပြီး မတရားပြုလုပ်ခြင်းဖြစ်

● *ကျောဖုံးမှ*

ယင်းအစည်းအဝေး၌ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေး) မစ္စတာ ဂမ်ဘာရီက ရှင်းလင်းပြောကြားရာတွင်–

မြန်မာနိုင်ငံ၏ ကြုံတွေ့နေရသော အခြေအနေများကို ကောင်းစွာနားလည်သဘောပေါက်ရန်သည် များစွာအရေးကြီးကြောင်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာမှုကိစ္စများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း။

UNODC အစီရင်ခံစာအရ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးကင်းရှင်းသည့် ဒေသဖြစ်လာနိုင်ရေးအတွက် ယခုနှစ်များအတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုများပြားစွာကို လျှော့ချနိုင်ခဲ့ကြောင်း။

- မြန်မာနိုင်ငံကိစ္စကို ဖြေရှင်းရန် လုံခြုံရေးကောင်စီအနေဖြင့် နည်းလမ်းများစွာရှိကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံမှ အတွင်းရေးမှူးချုပ်အား ပေးအပ်ထားသည့် good offices mandate အောက်မှ မြန်မာနိုင်ငံရှိ သက်ဆိုင်သူများအားလုံးနှင့် ထိတွေ့ဆောင်ရွက်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံသို့ မေလတွင် မိမိသွားရောက်ခဲ့စဉ်က တောင်းဆိုချက်အချက်လေးချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ အကြီးအကဲများနှင့် ဆွေးနွေးခဲ့ကြောင်း၊
- ၎င်းနောက်ပိုင်းတွင် စုစုနွေးကို လွှတ်ပေးခဲ့သည်ကို တွေ့ရှိ ခဲ့ကြောင်း၊
- အမျိုးသားညီလာခံကို ၁၀–၁၀–၂၀၀၆ရက်တွင် ကျင်းပမည်ဆိုသည့် သတင်းသည် ကောင်းသောသတင်းဖြစ်ကြောင်း၊
- မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အကောင်အထည် ဖော်ရာတွင် နှေးကွေးနေမှုအပေါ် စိတ်ပူပင်မှုရှိကြောင်း၊
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂပူးပေါင်းဆောင်ရွက်မှုများရှိပြီး အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊
- ယခုနောက်ပိုင်းတွင် အဓမ္မစေခိုင်းမှုကိစ္စ၌ အပြုသဘောဆောင်သည့် တိုးတက်မှုများရှိကြောင်း၊
- ကလေးသူငယ် စစ်သည်ကိစ္စတွင်လည်း တိုးတက်မှုများရှိကြောင်း သို့သော် ဤကိစ္စအပေါ် စိုးရိမ်ပူပင်လျက်ပင် ရှိသေးကြောင်း၊
- မြန်မာနိုင်ငံသို့ ထပ်မံသွားရောက်ရာတွင် ယခင်ဆွေးနွေးချက်နှင့် ပတ်သက်၍ တိုးတက်မှုရှိစေရေးကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်ဟု သိရသည်။

ထို့နောက် လုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် အမေရိကန်၊ ဗြိတိန်၊ ဒိန်းမတ်၊ အာဂျင်တီးနား၊ ကာတာ၊ ဆလိုဗက်ကီးယား၊ တန်ဇန်နီးယား၊ ပြင်သစ်၊ ရုရှားဖက်ဒရေးရှင်း၊ ဂျပန်၊ ဂါနာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂရိတို့က ပါဝင်ဆွေးနွေးကြသော်လည်း ကွန်ဂိုနှင့် ပီရူးတို့က ဆွေးနွေးခြင်းပင် မပြုကြောင်း သိရှိရသည်။

အမေရိကန်အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စ၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကိစ္စ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကိစ္စ၊ လူကုန်ကူးမှုကိစ္စတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို ခြိမ်းခြောက်စေကြောင်း၊ မစ္စတာ ဂမ်ဘာရီ မြန်မာနိုင်ငံသို့ ထပ်မံသွားရောက်မည့်ကိစ္စကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံမှ မစ္စတာဂမ်ဘာရီ ပြန်လာပြီးနောက်တွင် လုံခြုံရေးကောင်စီသို့ လာရောက်ရှင်းပြစေလိုကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် တစ်ရပ်ချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ၎င်းတို့စွပ်စွဲနေကျအတိုင်း စွပ်စွဲပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်အမြဲတမ်းကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံကိစ္စကို ကိုင်တွယ်ရာတွင် ကုလသမဂ္ဂအနေဖြင့် ပါဝင်ပတ်သက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စ၊ လူသားချင်း စာနာမှုအကူအညီပေးရေးကိစ္စတို့တွင် တိုးတက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင်လည်း အောင်မြင်မှုမရှိသေးသည်ကို တွေ့ရကြောင်းဖြင့် အမေရိကန်အလိုကျ ပြောဆိုသွားသကဲ့သို့ ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကိစ္စတွင် များစွာအလေးထားပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးမျိုးကို ပြုလုပ်လိုကြောင်းဖြင့်လည်း မီးစတစ်ဖက် ရေမှုတ်တစ်ဖက်အသွင် ပြောကြားသွားသည်။

ကာတာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို ထိခိုက်ခြင်းမရှိသည်ကို မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက ထုတ်ဖော်ပြောဆိုကြကြောင်း၊ လုံခြုံရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်သည့်ကိစ္စများကိုသာ ကိုင်တွယ်သည်ဖြစ်ပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများက ကိုင်တွယ်သည့်ကိစ္စများကို ဝင်ရောက်ကိုင်တွယ်ခြင်း မပြုသင့်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကိစ္စကို ကိုင်တွယ်ရာတွင် Professionalism အရ ဆောင်ရွက်ပြီး Selectivity မရှိသင့်ကြောင်း၊ လုံခြုံရေးကောင်စီက ကိုင်တွယ်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းမျိုး မဖြစ်သင့်ကြောင်း၊ ထို့ကြောင့် ယခုကိစ္စကို မဆွေးနွေးမီ မည်သို့မည်ပုံဆောင်ရွက်မည့် (Methodology)ကို ဦးစွာဆွေးနွေးသင့်ကြောင့်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်ဟု သိရသည်။

ရုရှားအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂက ကိုင်တွယ်ဖြေရှင်းရာတွင် လုံခြုံရေးကောင်စီသည် ဝင်ရောက်ကိုင်တွယ်ရမည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ လူ့အခွင့်အရေးကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ၊ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စတို့ကို ကိုင်တွယ်သည့် သက်ဆိုင်ရာ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများရှိပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုကိစ္စတွင် အောင်မြင်မှုများရှိသည့်အတွက် မြန်မာနိုင်ငံကို ချီးကျူးမှုပင် ပြုသင့်ကြောင်းဖြင့် အမှန်တရားဘက်မှ ရပ်တည်ပြောကြားသွားသည်။

တရုတ်ကိုယ်စားလှယ်က ၁၅–၉–၂၀၀၆ ရက်တွင် မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီ အာဂျင်ဒါ၌ ထည့်သွင်းရန်ဆွေးနွေးခဲ့စဉ်က တရုတ်အမြဲတမ်း ကိုယ်စားလှယ်က မြန်မာနိုင်ငံကို အာဂျင်ဒါတွင် ထည့်သွင်းရန် ဆန့်ကျင်ခဲ့ကြောင်း၊ ၎င်းတို့ကိုယ်စားလှယ်၏ ၁၅–၉–၂၀၀၆ရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်များအတိုင်းပင် ဆက်လက်ရပ်တည်ကြောင်းဖြင့် လိုရင်းကို တိုတိုရှင်းရှင်း ပြောကြားသွားသည်။

တန်ဇန်နီးယားအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ကိစ္စရပ်များနှင့်ပတ်သက်၍စိုးရိမ်မိကြောင်း၊ သို့သော် မြန်မာနိုင်ငံကိစ္စကို လူ့အခွင့်အရေးကောင်စီတွင်သာ ဆွေးနွေးသင့်ကြောင်း ပြောကြားသွားသည်။

ဂျပန်အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံကိစ္စကို ကိုင်တွယ်ရာတွင် အတွင်းရေးမှူးချုပ်၏ good offices mandate အခန်းကဏ္ဍမှ ဆောင်ရွက်ခြင်းကို ထောက်ခံကြောင်း၊ ပညာရှိနည်းဖြင့် ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း၊ မြန်မာနိုင်ငံသို့ မစ္စတာဂမ်ဘာရီ ထပ်မံသွားရောက်မည့်ကိစ္စကို ကြိုဆိုကြောင်း၊ မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံသို့ တစ်ကြိမ်၊ နှစ်ကြိမ်သွားရောက်ခြင်းဖြင့် ပြည့်စုံသော အောင်မြင်မှုရမည်ဟု မျှော်လင့်ထားခြင်းမပြုသင့်ကြောင်း၊ မြန်မာနိုင်ငံကိစ္စသည် သိမ်မွေ့နက်နဲပါကြောင်းဖြင့် ပြောကြားသွားသည်။

ဒိန်းမတ်၊ အာဂျင်တီးနား၊ ဆလိုဗက်ကီးယား၊ ပြင်သစ်နှင့် ဂါနာ အမြဲတမ်းကိုယ်စားလှယ်တို့က မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ သွားရောက်မည့်ကိစ္စကို ကြိုဆိုကြောင်းပြောကြားပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကိစ္စ၊ အမျိုးသားညီလာခံကိစ္စတို့နှင့်ပတ်သက်၍ ၎င်းတို့၏အမြင်များကို ပြောကြားကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းရန် အကြောင်းပြစွပ်စွဲထားသည်များကို တုံ့ပြန်ချေပပြောကြားခဲ့သည်။ မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဓိကအားဖြင့် တုံ့ပြန်ပြောကြားရာတွင်–

- **မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂမ်ဘာရီအား လွန်ခဲ့သည့်မေလက မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး လာမည့်နိုဝင်ဘာလဦးပိုင်းတွင်လည်း ထပ်မံလာရောက်ရန် ဖိတ်ကြားထားကြောင်း၊**
- **ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးတကြီး စဉ်းစားဆွေးနွေးထိုက်သည့် အခြားကိစ္စရပ်များစွာရှိကြောင်း၊ မြန်မာနိုင်ငံကိစ္စမှာ လုံခြုံရေးကောင်စီတွင် စဉ်းစားရန် စိတ်ကူးထဲထည့်ရန်ပင် မထိုက်သည့်ကိစ္စဖြစ်ကြောင်း၊**
- **မြန်မာနိုင်ငံတွင် ဆယ်စုနှစ် ငါးစုနီးပါးရင်ဆိုင်ခဲ့ရသည့် ပြည်တွင်းသောင်းကျန်းမှုကို အဆုံးသတ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူ ၁၈ ဖွဲ့အနက် ၁၇ဖွဲ့မှာ ဥပဒေဘောင်အတွင်းသို့ ရောက်ရှိနေကြပြီးဖြစ်ကြောင်း၊ ၎င်းတို့အင်အားမှာ တစ်သိန်းခန့်ရှိကြောင်း၊**
- **ယခုအခါ KNU°သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့သာလျှင် ကျန်ရှိတော့ကြောင်း၊ ယင်းအဖွဲ့အားလည်း အစိုးရနှင့်ငြိမ်းချမ်းရေး ပြုလုပ်ရန် လက်ကမ်းကြိုဆိုထားကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် အကြမ်းဖက်မှုများ ကျူးလွန်နေသည့် ကရင်သောင်းကျန်းသူများကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊**
- **မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများရရှိလာခြင်းကြောင့် ယခင်သောင်းကျန်းသူများကြီးစိုးခဲ့သည့် ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေါ်လာနှင့် မြန်မာကျပ်ငွေ သန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ကြောင်း၊ ဒေသခံများအား ဘိန်းအစားထိုး လုပ်ငန်းများ စီစဉ်ပေးနိုင်ခဲ့ခြင်းကြောင့် လွန်ခဲ့သည့် ရှစ်နှစ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ၈၀ ရာခိုင်နှုန်း မျှ လျှော့ချနိုင်ခဲ့ရုံမျှမက မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုနှင့် လူကုန်ကူးမှုများကိုပါ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း။**
- **မြန်မာနိုင်ငံသည် အိမ်နီးချင်း ငါးနိုင်ငံစလုံးနှင့်သာမက ဒေသတွင်းနိုင်ငံများအားလုံးနှင့်ပါ ချစ်ကြည်ရင်းနှီးမှုရှိပြီး ယင်းနိုင်ငံများ၏ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေမည့် မည်သည့်လုပ်ရပ်ကိုမျှ သမိုင်းတစ်လျှောက်လုပ်ခဲ့ခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံသည် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှုလုံးဝမရှိကြောင်း၊ ယင်းအချက်ကို အိမ်နီးချင်းနိုင်ငံများက ထောက်ခံပြောကြားထားကြပြီဖြစ်ကြောင်း။**
- **မိမိတို့ အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့က မြန်မာနိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မည်သည့်နည်းနှင့်မျှ ခြိမ်းခြောက်နိုင်ခြင်းမရှိကြောင်း၊ အတိအလင်းပြောကြားထားကြသည့် အချက်ကပင် မြန်မာနိုင်ငံ အခြေအနေမှာ လုံခြုံရေးကောင်စီတွင် စဉ်းစားထိုက်သည်ဟု စွပ်စွဲပြောဆိုချက်များမှာ မုသားပြောဆိုမှုများသာဖြစ်ကြောင်းကို သက်သေထူလျက်ရှိကြောင်း။**
- **တရုတ်ကိုယ်စားလှယ်က မြန်မာ့ကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရေးကို လုံးဝဆန့်ကျင်ကြောင်း အတိအလင်းပြောကြားထားသကဲ့သို့ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကလည်း အထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှုမရှိသောကိစ္စရပ်များကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးခြင်းမှာ လုံခြုံရေးကောင်စီအနေဖြင့် အခြားကုလသမဂ္ဂ ပင်မအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များကို စည်းကျော်ခြင်းပင်ဖြစ်သည်ဟု ပြောကြားသွားခဲ့ကြောင်း။**

ထို့အပြင် မြန်မာအမြဲတမ်းကိုယ်စားလှယ်သည် မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရန် အမေရိကန်နိုင်ငံက မတရား စွပ်စွဲထားသည့် အကြောင်းများဖြစ်သည့် လူမှုရေး၊ စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှု၊ အေအိုင်ဒီအက်စ် ရောဂါပြန့်ပွားမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု ကြီးထွားမှုနှင့် နယ်စပ်ဒုက္ခသည်များ ပြဿနာစသည့် ကိစ္စရပ်များသည် မှန်ကန်မှုမရှိသလို အထောက်အထား ခိုင်လုံမှုမရှိကြောင်း ကုလသမဂ္ဂ၏ ကိန်းဂဏန်းများကို ရည်ညွှန်းကိုးကားလျက် အခြေအနေမှန်များကို ဆက်လက်ရှင်းလင်းပြောကြားရာတွင်–

- **စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ၁၉၉၀ပြည့်နှစ် UNDP အစီရင်ခံစာအရ မြန်မာနိုင်ငံအား လူသားဖွံ့ဖြိုးမှုအနိမ့်ဆုံး နိုင်ငံများအဖြစ် တတိယအဆင့် နိုင်ငံများစာရင်းတွင် ထည့်သွင်းထားခဲ့ရာမှ လွန်ခဲ့သည့် ခုနစ်နှစ်မှစ၍ အလယ်အလတ် ဖွံ့ဖြိုးမှုအဆင့်ရှိ ဒုတိယအဆင့် နိုင်ငံများစာရင်းသို့ မြှင့်တင်ခြင်းခံခဲ့ရကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ၁၉၉၀ မှ ၂၀၀၃ ခုနှစ်ကာလအတွင်း နှစ်စဉ် GDP တိုးတက်မှုနှုန်း ၅ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားရာ မြန်မာအစိုးရအနေဖြင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့သည်မှာ ပေါ်လွင်ထင်ရှားကြောင်း။**
- **မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ဖြစ်ပွားမှု အခြေအနေ ဆိုးရွားနေသဖြင့် အိမ်နီးချင်းနိုင်ငံများသို့ပင် ခြိမ်းခြောက်နေသည်ဟူသော စွပ်စွဲချက်မှာ လုံးဝမှန်ကန်မှုမရှိကြောင်း၊ မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်၊ ငှက်ဖျားနှင့် တီဘီအဆုတ်ရောဂါတို့ကို နိုင်ငံတော်က အလေးဂရုပြုရမည့် ရောဂါသုံးမျိုးအဖြစ်သတ်မှတ်လျက် တိုက်ဖျက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အာရှတိုက် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးတွင် အောင်မြင်မှုအရှိဆုံးဟု စံနမူနာအဖြစ် သတ်မှတ်ထားသည့် ထိုင်းနိုင်ငံ၌ အေအိုင်ဒီအက်စ်ပြန့်ပွားနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိနေချိန်တွင် မြန်မာနိုင်ငံ၏ပြန့်ပွားနှုန်းမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ UNAIDS အစီရင်ခံစာအရမြန်မာနိုင်ငံအနေဖြင့် အေအိုင်ဒီအက်စ်ကူးစက်မှုနှုန်းကို ထိန်းချုပ်ထားနိုင်ခဲ့ရုံမျှမက လျှော့ချနိုင်ခဲ့သည်မှာ သိသာထင်ရှားကြောင်း၊**
- **မူးယစ်ဆေးဝါးပပျောက်ရေးအတွက်လည်း ၁၅ နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ၂၀၀၅ ခုနှစ် UNODC အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် ၁၉၉၆ မှ ၂၀၀၄ခုနှစ်အတွင်း ၈၁ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု ဖော်ပြထားကြောင်း၊**
- **မြန်မာ–ထိုင်းနယ်စပ်ရှိ ဒုက္ခသည်များကိစ္စမှာလည်း ချဲ့ကားပြောဆိုခြင်းသာဖြစ်ကြောင်း၊ ၎င်းတို့ အများစုမှာ စီးပွားရေး အခွင့်အလမ်းရှာရန် ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်သူများသာဖြစ်ကြောင်း၊ ယင်းတရားမဝင် အလုပ်လုပ်သူများအား တရားဝင်အလုပ်သမားဖြစ်စေရန် ထိုင်း–မြန်မာ နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ညှိနှိုင်းဖြေရှင်းလျက်ရှိကြောင်း၊**
- **ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်လျက်ရှိကြသော ရိုဟင်ဂျာ (ဒုက္ခသည်ဆိုသူများ)မှာလည်း တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူများဖြစ်ပြီး မြန်မာအစိုးရက သဘောထားကြီးစွာဖြင့် နေထိုင်ခွင့်ပြုထားသူများသာဖြစ်ကြောင်း၊ ယင်းပြဿနာကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးစွာ ဖြေရှင်းထားပြီးဖြစ်ကြောင်း၊ UNHCR ကလည်း ကူညီခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် လူပေါင်း နှစ်သိန်းသုံးသောင်းကျော်ကို မြန်မာနိုင်ငံမှ ပြန်လည်လက်ခံခဲ့ပြီးဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။**

ထို့အပြင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို လုံးဝခြိမ်းခြောက်မှုမရှိသည့် မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းမှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ဆန့်ကျင်ပြီး မတရားပြုလုပ်ခြင်း ဖြစ်ရုံမျှမက နောင်တွင် အန္တရာယ်ရှိနိုင်သည့် အစဉ်အလာတစ်ခုဖြစ်သွားနိုင်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကလည်း မြန်မာနိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြင်းမရှိသည့်အတွက် လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ ၂၄ ကို ချိုးဖောက်ခြင်းဖြစ်ကြောင်းဖြင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ စာရေးအကြောင်းကြားချက်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ကြောင်း၊ ယင်းရပ်တည်ချက်သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈နိုင်ငံ၏ ရပ်တည်ချက်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကမ္ဘာ့ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရာ ပဋိညာဉ်စာတမ်းကို ချိုးဖောက်သည့် လုပ်ရပ်မှန်သမျှမှာ ဥပဒေကြောင်းအရ တရားမဝင်ကြောင်း၊ မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေမှာ မဟုတ်ကြောင်း နိုင်ငံတော်အနေဖြင့် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကို ဆက်လက်အကောင်အထည်ဖော်ရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ဟု သိရသည်။

ဤသို့ အမေရိကန်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးမှုပြုစေခြင်းသည် ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်း ပဋိညာဉ်စာတမ်းပါအရ မြန်မာနိုင်ငံအပေါ် အရေးယူသည့်ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်ခြင်းမဟုတ်သဖြင့် မြန်မာနိုင်ငံအပေါ် သိက္ခာချရန်၊ နာမည်ဖျက်ရန်အတွက် မီဒီယာတို့၏ အာရုံပြုမှုကိုရယူရန် လုပ်ကြံမှုသက်သက်ဖြစ်ကြောင်း တွေ့ရပါသည်။ အမေရိကန်သည် နိုင်ငံတကာရေးရာများတွင် အမှန်အမှားမခွဲခြားဘဲ ၎င်း၏အပေါင်းပါနှင့် ဩဇာခံနောက်လိုက်နိုင်ငံများကို သာသာထိုးထိုး မျက်နှာသာပေးပြီး ၎င်းသိမ်းသွင်း၍မရသော နိုင်ငံများကို ဖိအားပေး အကျပ်ကိုင်သော စံနှစ်မျိုးထားရှိကျင့်သုံးနေသဖြင့် ကမ္ဘာတစ်ဝန်းလုံး၌ အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များပြန့်ပွားလျက်ရှိနေသည်။ ယင်းသို့နိုင်ငံတကာ မျက်နှာစာတွင် လူမုန်းများခံရသည်ကို ရှောင်လွှဲရန်၊ အီရတ်တွင် အမေရိကန်၏ မတရားပါဝင်ပတ်သက်မှုကို အာရုံလွှဲစေရန်နှင့် အစ္စရေး–လက်ဘနွန်ကိစ္စရပ်အပေါ် ကမ္ဘာ့မီဒီယာများက အာရုံစိုက်နေမှုကို အာရုံလွှဲစေရန်တို့အတွက် အမေရိကန်နိုင်ငံအပေါ် တန်ပြန်အန္တရာယ်မပြုနိုင်သည့်(soft target)အသွင်ဖြစ်သည့် မြန်မာနိုင်ငံအပေါ် နာမည်ဖျက် သိက္ခာချရန် လုပ်ကြံမှုတစ်ရပ်အဖြစ် နိုင်ငံတကာရေးရာ လေ့လာသုံးသပ်သူများက သုံးသပ်ရှုမြင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယုံမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
မွန်ပြည်နယ် မုဒုံမြို့ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တ ကောသလ္လ (မုဒုံဆရာတော်)	၁၃၆၈ခု၊ သီတင်းကျွတ်လပြည့် သောကြာနေ့ (၆-၁၀-၂၀၀၆)
အနောက်ဂန္ဓါ မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် စနေနေ့ (၇-၁၀-၂၀၀၆)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရ (သရက်ဆရာတော်)	၁၃၆၈ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့ (၈-၁၀-၂၀၀၆)
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် တနင်္လာနေ့ (၉-၁၀-၂၀၀၆)
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၀-၁၀-၂၀၀၆)
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ (၁၁-၁၀-၂၀၀၆)
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူရေချောင် ဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (၁၂-၁၀-၂၀၀၆)
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၃-၁၀-၂၀၀၆)
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့ (၁၄-၁၀-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

■ *ကျောဖုံးမှ*

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် တည်ငြိမ်အေးချမ်းရေးအပေါ်တွင် မူတည်သဖြင့် အေးချမ်းတည်ငြိမ်ရေးသည် တိုင်းပြည်အတွက် အရေးကြီးဆုံးအချက်ဖြစ်သည်။ ယခုအခါ တိုင်းပြည်တည်ငြိမ်အေးချမ်းသဖြင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားများအားလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်လျက်ရှိရာ တည်ငြိမ်အေးချမ်း တိုးတက်ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ပြည်သူအများ ရရှိခံစားလျက် ရှိနေကြသည်။

၄။ ထို့အပြင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်၏ ပုံသဏ္ဌာန်ကို အမျိုးသားညီလာခံတွင် တိုင်းရင်းသားညီအစ်ကိုများ ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း၍ ပုံဖော်လျက်ရှိကြသည်။

၅။ ထိုအခြေအနေမျိုးတွင် မြန်မာနိုင်ငံတော်၏အရေးကို ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နေသည်ဟု စွပ်စွဲ၍ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဆွေးနွေးရန် အမေရိကန်နိုင်ငံမှ ဦးဆောင်ပြီး ၁၅-၉-၂၀၀၆ ရက်တွင် ဆုံးဖြတ်ခဲ့သည်မှာ မလုပ်သင့် မလုပ်ထိုက်သော အလုပ်ကို လုပ်နေကြခြင်းသာဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချကာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ထားရှိသော ထိုဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အဖွဲ့က လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဦးဌေးကို
ဥက္ကဋ္ဌ
ကယန်းအမျိုးသားကာကွယ်ရေးတပ် (°KNG)°

❒ *ကျောဖုံးမှ*

ချိတ်ဆက်မိနေပြီဖြစ်ကြောင်း၊ ၂၀၀၆အခြေအနေတွင် ဟန်ချက်ညီညီဖြင့် စုစုစည်းစည်းလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ ကိုမဲအတွက် ငွေကျပ်တစ်သိန်း၊ မဖြူဖြူသင်းအတွက် ငွေကျပ်တစ်သိန်းနှင့် ကိုကိုကြီးအတွက် ငွေကျပ်ငါးသောင်း ထည့်ပေးလိုက်ကြောင်း၊ ပြည်တွင်းမှ အခြေအနေနှင့် လုပ်ချင်သည့်ကိစ္စများကို အချိန်မီ e-mail ဖြင့် ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်အကြောင်းကြားရန် e-mail လိပ်စာနှင့် ဖုန်းနံပါတ်များ ရေးထည့်ပေးလိုက်ကြောင်း၊ ပေါ်ဦးထွန်း (မင်းကိုနိုင်) နှင့် ကိုကိုကြီးတို့၏ နိုင်ငံရေး ကိုယ်ပွားအဖြစ် ဆောင်ရွက်နေကြောင်း ရေးသားထားသည်ကို တွေ့ရှိရသည်။

အထက်ပါ အခြေအနေများအရ ၂၀၀၆ ခုနှစ်အတွင်း ပြည်တွင်း၌ ဆူပူအကြမ်းဖက်မှုများ၊ မတည်ငြိမ်မှုများ မဖြစ်ပွားစေရေးအတွက် ၈၈မျိုးဆက် ကျောင်းသားအုပ်စုမှ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ မင်းဇေယျာနှင့် ပြုံးချိုတို့အား သက်ဆိုင်ရာက ခေါ်ယူစုံစမ်းမေးမြန်းလျက်ရှိကြောင်း သတင်းရရှိသည်။

ယင်းသို့ မင်းကိုနိုင် အပါအဝင် ငါးဦးကို သက်ဆိုင်ရာက ခေါ်ယူစုံစမ်းမေးမြန်းမှုများ ပြုလုပ်နေချိန်တွင် ပြည်ပြေးများ၊ ဆန့်ကျင်ဘက် မီဒီယာများနှင့် ပြည်တွင်းမှ အပေါင်းပါတို့က ဖြစ်ရပ်မှန်၊ အခြေအနေမှန်များကို ပုံဖျက်၍ ၎င်းတို့လိုရာဆွဲကာ သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ပြီး မင်းကိုနိုင်တို့အား ပြန်လွှတ်ပေးရေးအတွက် လက်မှတ်ရေးထိုး တောင်းဆိုမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

ဖော်ပြပါ ကြောင်းကျိုးဆက်စပ်မှုများအရ သက်ဆိုင်ရာက မင်းကိုနိုင်နှင့်အဖွဲ့အား ခေါ်ယူစုံစမ်းမေးမြန်းနေချိန်တွင် ဆန္ဒစောပြီး လက်မှတ်ရေးထိုး တောင်းဆိုမှုများ ပြုလုပ်နေခြင်းသည် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်ခြင်း၊ ဆူပူအုံကြွမှုဖြစ်ပွားအောင်လှုံ့ဆော်ခြင်းနှင့် ကျောင်းသားလူငယ်များ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ထိခိုက်ပျက်ပြားအောင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ရှေးမီနောက်မီ ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသမားများနှင့် ပြည်သူများအတွင်း ဝေဖန်သုံးသပ်ပြောကြားမှုရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

ရန်ကုန် အောက်တိုဘာ ၄

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက် ၂၁ နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(ကက)အုပ်စု ရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ကက)အုပ်စု တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကချင်ပြည်နယ်များမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၄

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကယားပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ တနင်္သာရီတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ကချင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ **(အပေါ်ပုံ)** သည် ညနေပိုင်းတွင်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုပို့ဆောင်

အဆိုပါ ကယားပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကချင်ပြည်နယ်တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ဒေးဗစ်ဘက်ဟမ်း ရီးရဲမက်ဒရစ်၌ ဆက်နေရန် ရီးရဲဥက္ကဋ္ဌ လိုက်လှဲစွာတောင်းဆို

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် အောက်တိုဘာ ၄

ဒေးဗစ်ဘက်ဟမ်းအနေဖြင့် ရီးရဲမက်ဒရစ်တွင် ဆက်လက်နေထိုင် ကစားသွားရန် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ရေမွန်ကယ်ဒေရွန်က လှိုက်လှဲစွာ တောင်းဆိုလိုက်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ဟမ်းသည် ရီးရဲမက်ဒရစ်နှင့် လက်ရှိစာချုပ်မှာ လာမည့်နှစ်တွင် သက်တမ်းကုန်မည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အနေဖြင့် ဒေးဗစ်ဘက်ဟမ်းကို နောက်ထပ်နှစ်နှစ် သက်တမ်းတိုးစာချုပ်ရန် ပြောဆိုဆွေးနွေးနေသော်လည်း လက်မှတ်ရေးထိုးခြင်း မပြုရသေးပေ။

ဒေးဗစ်ဘက်ဟမ်း။ (ဓာတ်ပုံ-အင်တာနက်)

သဘောကျ

ဒေးဗစ်ဘက်ဟမ်းသည် အလွန်တော်သော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ မိမိအနေဖြင့် ဒေးဗစ်ဘက်ဟမ်းကစားမှုကို သဘောကျကြောင်း၊ ပရိသတ်များကလည်း အားပေး ချစ်မြတ်နိုးသူဖြစ်ကြောင်း ရေမွန်ကယ်ဒေရွန်က ပြောကြားသည်။

ရီးရဲမက်ဒရစ်အနေဖြင့် လာမည့် ဇန်နဝါရီလတွင် ဒေးဗစ်ဘက်ဟမ်းနှင့် စာချုပ်အသစ် မချုပ်ဆိုနိုင်ခဲ့လျှင် အခြားကလပ်တစ်ခုသို့ အလွတ်ပြောင်းရွှေ့ခြင်းနှင့် ရွှေ့ပြောင်းသွားနိုင်မည် ဖြစ်သည်။

ဒေးဗစ်ဘက်ဟမ်းသည် စပိန်လာလီဂါ၌ ယခုနှစ်တွင်နှစ်ပွဲသာ ကစားရသေးသည်။ ရီးရဲမက်ဒရစ် နည်းပြ ဖာဘီရိုကာပယ်လိုက ကွင်းလယ်တွင် ထည့်သွင်းကစားရန် ဒေးဗစ်ဘက်ဟမ်းအပေါ် ယုံကြည်မှု ကျဆင်းနေသည်။ ဒေးဗစ်ဘက်ဟမ်း လာမည့်ပွဲများ၌ ကစားရမည်ဖြစ်ကြောင်း၊ သို့သော်ပွဲတိုင်းကစားရန်မှု မဖြစ်နိုင်ကြောင်း နည်းပြ ကာပယ်လိုက ပြောကြားသည်။ **(အင်တာနက်)**

ယူရို ခြေစစ်ပွဲကစားရန် ရိန်းဂျားမှဖာဂူဆန် စကော့တလန်ပြန်မည်

စကော့တလန်သို့ ပြန်မည့် ဖာဂူဆန်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် အောက်တိုဘာ ၄

ယူရို ၂၀၀၈ ခြေစစ်ပွဲကစားရန်အတွက် ရိန်းဂျားတိုက်စစ်မှူး ဖာဂူဆန်သည် စကော့တလန်သို့ ပြန်မည်ဖြစ်သည်။

စကော့တလန်အသင်းသည် လာမည့် အောက်တိုဘာ ၇ ရက်၌ ပြင်သစ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ဖာဂူဆန်သည် စကော့တလန်အသင်း၏ ယူရို ၂၀၀၈ ခြေစစ်ပွဲနှစ်ပွဲနှင့် လွဲချော်ခဲ့ရပြီးနောက် ယခုအခါ ပြန်ကစားမည်ဖြစ်သည်။

စကော့တလန်နည်းပြ ဝေါလ်တာစမစ်ကလည်း ပြင်သစ်နှင့်ပွဲတွင် ဖာဂူဆန်အား ကွင်းလယ်တွင်ထားကာ ကစားခိုင်းရန် စီစဉ်ထားသည်။ ဖာဂူဆန်သည် စကော့တလန်အသင်း ကပ္ပတိန်အဖြစ် ၃၃ ပွဲ ကစားခဲ့ပြီး ဖြစ်သည်။

ထိပ်ဆုံး၌ရပ်တည်

ယူရို ၂၀၀၈ခြေစစ်ပွဲ၌ စကော့တလန်သည် အုပ်စု(ခ)၌ ပြင်သစ်၊ ဖာရိုးကျွန်းစုများနှင့် လစ်သူရေးနီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျနေသည်။ လက်ရှိအချိန်၌ အုပ်စု(ခ)တွင် စကော့တလန်တို့ ထိပ်ဆုံး၌ရပ်တည်နေသည်။ **(အင်တာနက်)**

ဝေလအသင်းခေါင်းဆောင်အဖြစ်ဘယ်လာမီတာဝန်ယူမည်

လန်ဒန် အောက်တိုဘာ ၄

ယူရို ၂၀၀၈ ခြေစစ်ပွဲ ကစားမည့် ဆလိုဗားကီးယားနှင့် ဆိုက်ပရပ်(စ်)တို့နှင့် ပွဲများ၌ တိုက်စစ်မှူး ဘယ်လာမီသည် ဝေလအသင်း ခေါင်းဆောင်အဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး ဘယ်လာမီ။
(ဓာတ်ပုံ-အင်တာနက်)

တာဝန်ယူရမည်

လာမည့် သီတင်းပတ်၌ ကစားရမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲများ၌ လီဗာပူးတိုက်စစ်မှူး ဘယ်လာမီသည် ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် ရိုင်ယန်ဂစ်နေရာတွင် အစားထိုးကာ အသင်းခေါင်းဆောင်တာဝန်ယူရမည်ဖြစ်သည်။

ရိုင်ယန်ဂစ်သည် မန်ယူအသင်းနှင့်အတူ ချန်ပီယံလိဂ်ပွဲအဖြစ် ဆဲလ်တစ်နှင့် ကစားသည့်ပွဲ၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဘယ်လာမီသည် ဝေလအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်မည်ဟု ယုံကြည်ကြောင်း ဝေလအသင်းနည်းပြ ဂျွန်တိုရှိတ်က ပြောကြားသည်။

ဝေလအသင်းအတွက် ခရစ္စတယ်ပဲလေ့စ် ကွင်းလယ်ကစားသမား ကယ်ဖလက်ချာလည်း ဒဏ်ရာရရှိနေသဖြင့် ပါဝင်ကစားနိုင်ရန် မသေချာပေ။ **(အင်တာနက်)**

ယူအီးအက်ဖ်အေဖလား အုပ်စုပွဲစဉ်များရေးဆွဲ နယူးကာဆယ်၊ တော့တင်ဟမ်နှင့် ဘလက်ဘန်းတို့ပါဝင်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၄

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပြိုင်ပွဲစာရင်းများကို ရေးဆွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ နယူးကာဆယ်အသင်းသည် ဆယ်လ်တာဗီဂို၊ ဖီနာဘာချီ၊ ပါလာမိုနှင့် ဖရန့်ဖွတ်တို့နှင့် ယှဉ်ပြိုင်ကစားရမည့် အုပ်စု(ဇ)တွင် ပါဝင်သည်။

ယူ အီး အက်ဖ် အေ ဖ လား

တော့တင်ဟမ်အသင်းသည် ဘေယာလေဗာကူဆင်၊ ကလပ်ဘရပ်၊ ဘက်စ်ရီးတပ်၊ ဒီနာမိုဘူခါရက်အသင်းများနှင့်အတူ အုပ်စု(ခ) တွင်ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘလက်ဘန်း အသင်းသည် ဖီယင်နာ၊ ဘေဆယ်၊ ဝစ်ဆလာ၊ နန်စီအသင်းများနှင့်အတူ အုပ်စု(င)တွင် ပါဝင်သည်။

အင်္ဂလန်ကလပ်များဖြစ်သည့် နယူးကာဆယ်၊ တော့တင်ဟမ်နှင့် ဘလက်ဘန်းအသင်းတို့သည်ရှုံးထွက်အဆင့်ကို ကျော်လွှားနိုင်ဖွယ်ရှိသည်။

ယူအီးအက်ဖ်အေ ခြေစစ်ပွဲအောင် ၂၄သင်းသည် ပြည်တွင်းလိဂ်များတွင် တတိယနေရာ ရရှိကြသော အသင်းများနှင့်အတူ အုပ်စုရှစ်အုပ်စုသို့ ရောက်ရှိလာသည်။

အုပ်စုအသီးသီးတွင် အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲစီ ကစားရမည်ဖြစ်သည်။ နယူးကာဆယ်အသင်းသည် အိမ်ကွင်းတွင် ဖီနာဘာချီ၊ ဆယ်လ်တာဗီဂိုတို့နှင့် ကစားရမည်ဖြစ်သည်။ သို့သော်လည်း ပါလာမိုနှင့် ဖရန့်ဖွတ်ပွဲတွင် အဝေးကွင်းသွားရောက်ကစားရမည်ဖြစ်သည်။

ဘလက်ဘန်းအသင်းသည် အဖွင့်ပွဲတွင် ပိုလန်အသင်း ဝစ်ဆလာ၏ အဝေးကွင်းသို့ ဘေဆယ်နှင့် မကစားမီ သွားရောက် ကစားရမည်ဖြစ်သည်။ ဘလက်ဘန်းတို့ ဟော်လန်အသင်း ဖီယင်နအသင်းနှင့်လည်း အဝေးကွင်း ကစားရမည်ဖြစ်သည်။

တော့တင်ဟမ်အသင်းသည် အဖွင့်ပွဲတွင် တူရကီအသင်းဖြစ်သော ဘက်စ်ရီးတပ်အသင်းနှင့် အဝေးကွင်း သွားရောက်ကစားရမည် ဖြစ်သည်။

လက်ရှိချန်ပီယံ ဆီဗီလာအသင်းသည် ယမန်နှစ်ဗိုလ်လုပွဲတွင် မစ်ဒယ်ဘရော့ အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ရာ ယခုနှစ် အုပ်စု(ဂ)တွင် ပါဝင်ပြီး အယ်လ်ခမာ၊ လီဘရက်၊ ဂရက်ဟော့စပါး၊ ဘရာဂါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယူအီးအက်ဖ်အေအုပ်စုပြိုင်ပွဲများကို အောက်တိုဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အတွင်း ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အုပ်စုရှစ်အုပ်စု၌ပါဝင်သောအသင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

အုပ်စု (က)	အုပ်စု (ခ)	အုပ်စု (ဂ)	အုပ်စု (ဃ)
အော်ဇေး	လေဗာကူဆင်	ဆီဗီလာ	ပါးမား
ရိန်းဂျား	ကလပ်ဘရပ်	အယ်လ်ခမာ	လန်းစ်
ဘဲဂရိတ်	ဘက်စ်ရီးတပ်	လီဘရက်	ဟီရန်ဗင်း
လီဗော်နို	ဒီနာမိုဘူခါရက်	ဂရက်ဟော့စပါး	အိုဆာဆူနာ
မက္ကာဘီဟိုင်ဖာ။	တော့တင်ဟမ်။	ဘရာဂါ။	အိုဒန်ဆီ။

အုပ်စု (င)	အုပ်စု(စ)	အုပ်စု(ဆ)	အုပ်စု(ဇ)
ဖီယင်န	အိုင်းယက်စ်	ပနာသီနိုင်ကော့စ်	နယူးကာဆယ်
ဘေဆယ်	စပါတာပရက်ဂ်	စိန့်ဂျာမိန်း	ဆယ်လ်တာဗီဂို
ဝစ်ဆလာ	အက်စ်ပန်ညို	ရက်ပစ်ဘူခါရက်	ပါလာမို
ဘလက်ဘန်း	ဗီယင်နာ	တဲအဗစ်	ဖီနာဘာချီ
နန်စီ။	ဝါရီဂျမ်။	ဘိုးဆလပ်။	ဖရန့်ဖွတ်။

(အင်တာနက်)

ယူရိုခြေစစ်ပွဲ အင်္ဂလန်အသင်း ကစားကွက်ပြောင်းမည်

လန်ဒန် အောက်တိုဘာ ၄

အင်္ဂလန်အသင်းသည် ယူရို ၂၀၀၈ ခြေစစ်ပွဲများကို အောက်တိုဘာ ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အသင်းကစားပုံကို ပြောင်းလဲမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က အခိုင်အမာ ပြောကြားလိုက်သည်။

ပြောင်းလဲဖွယ်ရှိ

အင်္ဂလန်အသင်းသည် အောက်တိုဘာ ၇ ရက်တွင် မက်ဆီဒိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အိုဝင်ဟားဂရေ့ဗ် ဒဏ်ရာရထား၍ ပထမသုံးပွဲတွင် အသုံးပြုခဲ့သော ၄-၄-၂ ပုံစံကို မက်ကလာရင်က ပြောင်းလဲဖွယ်ရှိသည်။

အစားထိုး

ဟားဂရေ့ဗ်နေရာတွင် မိုက်ကယ်ကာရစ်၊ စကော့ပါကာနှင့် ဖီးနဗီးလ်တို့ကို အစားထိုးရန် မက်ကလာရင်က ရွေးချယ်ထားသည်။

မိုက်ကယ်ကာရစ်အနေဖြင့် ယခု ကစားမည့်ပွဲစဉ်များတွင် ၃-၅-၂ပုံစံဖြင့်ကစားရန် တင်ပြထားသည်။ သို့သော်လည်း မက်ကလာရင်က မည်သည့်ပုံစံဖြင့်ကစားမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိချေ။

ပြောင်းကစားမည်

အင်္ဂလန်အသင်းကစားသမား အခြေအနေပေါ်မူတည်၍ ကစားကွက်များ ပြောင်းကစားမည်ဖြစ်ကြောင်း သိရသည်။ အင်္ဂလန်အသင်းကစားနေသော ကစားကွက်အချို့မှာ ၄-၄-၂၊ ၄-၅-၁၊ ၄-၃-၃ သို့မဟုတ် ၃-၅-၂ တို့ဖြစ်သည်။ **(အင်တာနက်)**


မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ဝါကျွတ်ကာထိန်ရာသီ၌ ဓမ္မပူဇာလှူဖွယ်ရာ အမြတ်ဆုံးဓမ္မအလှူ လှူလိုသူများအတွက်

ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ ဦးအောင်မွန် (မြတ်ဆုမွန်)

ဤစာအုပ်ကို တစ်ခဲနက်ဝယ်ယူအားပေးကြသော ဘဝပါရမီရှင်တို့အား မြတ်ဆုမွန်စာပေမှ လိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း-

ထွက်ပြီ

တန်ဖိုး ၁၂၀၀ိ/-

မြတ်ဆုမွန်စာပေ

[illegible]		
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	SUPERMAN RETURNS	[illegible]
[illegible]	PIRATES OF THE CARIBBEAN 2 DEAD MAN'S CHEST	JOHNNY DEPP, ORLANDO BLOOM, KEIRA KNIGHTLEY, JACK DAVENPORT
[illegible]	[illegible]	[illegible]
[illegible]	MISSION IMPOSSIBLE III (M.I.3)	[illegible]

သီတင်းကျွတ်လပြည့်ည ပျော်ပွဲရွှင်ပွဲကြီး

အဲလက်(စ်)၊ Rဇာနည်၊ နိုင်းနိုင်းစမ်းလှိုင်၊ BIG BAG

J.ME၊ ဖြူဖြူကျော်သိန်း LAZY CLUB

6.10.2006 (FRI) 6:00 PM

HOTEL NIKKO (POOL SIDE) 3500 Ks

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)အရအမွေထိန်း လက်မှတ်စာနှင့်သက်ဆိုင်သော ရောင်းချခွင့်လက်မှတ်စာ ထုတ်ပေးပါရန်လျှောက်ထားကြောင်း အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉၈

ဦးအင်္ဂဘာ(ခ)ဦးသန်းမြင့် **လျှောက်ထားသူ**

ကွယ်လွန်သူ ဦးအေးအူမက်ဟူစိန်(ခ)ဦးမောင်စု ကျန်ရစ်သော ပစ္စည်းများနှင့် ပတ်သက်၍ အမှုအရေးတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူက ကွယ်လွန်သူ ဦးအေးအူမက်ဟူစိန်(ခ)ဦးမောင်စု ကျန်ရစ်သော ပစ္စည်းများနှင့်ပတ်သက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် တရားမအထွေထွေမှုအမှတ် ၄၁/၂၀၀၃ရက်နေ့၌ ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့်လျှောက်ထားသူ ဦးအင်္ဂဘာ(ခ)ဦးသန်းမြင့်က အဆိုပါ အမွေထိန်းသိမ်းခွင့်ရရှိထားသော ပစ္စည်းအပေါ် ထုခွဲရောင်းချလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးအေးအူမက်ဟူစိန်(ခ)ဦးမောင်စု ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးတူစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ လျှောက်ထားချက်ရှိသည့်အတိုင်း ဤကြော်ငြာသတင်းစာတွင်ပါရှိသည့်နေ့မှ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းဖြင့်လည်းကောင်း၊ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ဤရုံးကဆိုခဲ့သော ဦးအင်္ဂဘာ(ခ)ဦးသန်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်း၏လျှောက်လွှာကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ကြားနာစစ်ဆေးရန် ချိန်းဆိုကြောင်းနှင့်ဆိုခဲ့သော ကွယ်လွန်သူ ဦးအေးအူမက်ဟူစိန်(ခ)ဦးမောင်စု၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါရုံးချိန်းနေ့၌ ဤရုံးတော်သို့ လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေလိုက်သည်။

၂၀၀၆ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

လှူဒါန်းနိုင်ပါသည်

ပြင်ဦးလွင်မြို့ နိဗ္ဗာန်လမ်းပြ ကျောင်းတိုက်ကြီးတွင် ကမ္မဋ္ဌာနာစရိယ ရွှေသိဒ္ဓိအောင် ဆရာတော်ကြီး ကြီးမှူး၍ ရန်ပါယ်လာဘ်ခေါ် ဝမ်းသာအောင် ဘုရားကြီး ဉာဏ်တော် ၁၈ ပေ ကြေးချိန် ပိဿာ ၂၀၀၀ တည်ထားကိုးကွယ်မည်ဖြစ်ပါ၍ လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမများ ဖုန်း - ၀၉-၅၁၇၉၉၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

[illegible]

အမည်ပြောင်း

အထက(၁)လှိုင်သာယာ တက္ကသိုလ်ဝင်တန်း(A)တွင် တက်ရောက်နေသော အဖ ဦးမြင့်အေး၏သား မောင်သက်နိုင်ဦးအား မောင်သုတအောင်ဟုခေါ်ဆိုပါရန်။ **မောင်သုတအောင်။**

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်နေ တက္ကသိုလ်ဝင်တန်းအောင် မေမျိုးသူ၏ ဖခင်အမည်မှန်မှာ သန်းခေါင်စာရင်းအရ ဦးတင်မြင့် ဖြစ်ပါကြောင်း။ **ဦးတင်မြင့်။**

SUCCESS LANGUAGE ACADEMY

ENGLISH SPEAKING	9 Oct	3:30-5:00 p.m.
	16 Oct	6:00-7:30 p.m.
	21 Oct	2:00-5:00 p.m.
Grammar Foundation	14 Oct	10:00-12 a.m.
Basic Writing	16 Oct	7:30-9:00 a.m.
Academic Writing (IELTS)	15 Nov	10-11:30 a.m.
Pre-Intermediate 4 Skills	2 Oct	7:30-9:00 a.m.
	9 Oct	10-11:30 a.m.
IE+Academic English	14 Oct	2:00-5:00 p.m.
IELTS	9 Oct	(1:00 - 3:00 p.m.)

Y.W.C.A.

အမည်ပြောင်း

အဖ ဦးတင်ထွန်းဦး၏သား အလက(၆) မရမ်းကုန်း ပဉ္စမတန်းမှ မောင်ယောသအား ယနေ့မှစ၍ မောင်စံလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စံလွင်။**

အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေဂုံပလာဇာ၊ စီ/၃၀၁ အခန်းနေ ဒေါ်ချိုလေးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ် ၁၄၈(မြေညီထပ်)အခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုလေးမာ တရားဝင်ပိုင်ဆိုင်သောကြောင့် အဆိုပါအခန်းနှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းတို့ကို ပြုလုပ်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသောင်းမြင့်(၂၇၄၅)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၉၀၊ သိမ်ဖြူလမ်းသွယ်၊
(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

ဦးကိုကို ၉/မရမ(နိုင်)၀၄၄၇၈၃နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ရတနာအေးလမ်း၊ ဈေးရပ်ကွက်နေ ဦးတင်အောင်သန်း ၁၂/တကန(နိုင်)၀၉၇၀၂၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၆၄၄၊ မြေတိုင်းအခေါ်အားဖြင့် မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊မြေအကျယ်အဝန်း ၂၅ပေ x ပေ၅၀ရှိ နှစ် ၆၀ ဂရန်မြေပေါ်တွင် ၂၅-၅-၂၀၀၆ရက်စွဲပါ စာချုပ်အရ ဦးတင်အောင်သန်းမှာ အဆောက်အအုံကို ဆက်လက်ဆောက်လုပ်ခဲ့ရာ RC ငါးထပ်အဆောက်အအုံမှာ ဆောက်လုပ်ပြီးစီးလုဖြစ်ပါသည်။ ထိုအဆောက်အအုံ၏ ပထမထပ်နှင့် ပဉ္စမထပ်အခန်းမှာ ယခုထိုအဆောက်အအုံဆောက်လုပ်သော ဦးတင်အောင်သန်း ပိုင်ဆိုင်သည့် အခန်းများဖြစ်ပါသည်။ ထိုအခန်းနှစ်ခန်းအား ပိုင်ရှင် ဦးတင်အောင်သန်း မသိရှိဘဲ၊ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းပေးကမ်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်းနှင့် လွှဲပြောင်းခြင်းများပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်းနှင့် ဦးကိုကိုမှာ ဦးတင်အောင်သန်းသို့ ပေးရန်ရှိသော ငွေကျပ်သိန်း ၅၀ကို ယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက တရားဥပဒေကြောင်းများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းဌေး LL.B
တရားရုံးချုပ်ရှေ့နေ
အမှတ် ၂၈၊ ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း-၅၄၉၃၃၁။

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၄

သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအခမ်းအနားဖွင့်ပွဲနှင့်အတူ ပထမအကြိမ် ပန်းပွဲတော်နှင့် National Landmarks Garden ဖွင့်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်မဂ္ဂဇင်းအထူးထုတ်ဝေမည်ဖြစ်ပြီး မဂ္ဂဇင်းအတွက် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည် စာမူများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်သော သမိုင်းဝင်အထောက်အထားများကို ညွှန်ကြားရေးမှူး သဘာဝဝန်းကျင်နှင့် သားငါးငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၃၉၇၊ ၀၁-၆၈၁၇၆၁နှင့် ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာန သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၄၀၁၊ ၀၁-၆၈၀၉၂၉ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် စာမူရှင်များအား ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကြော်ငြာများပေးပို့ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက် (အဖိတ်နေ့)
၅-၁၀-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	တန်ခိုးတော်ထင်ရှား ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား
၇:၅၀	၅။	**"အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ် မြတ်ဓမ္မတရားဂုဏ်တော်"** (ဣန္ဒြာဆွေ ရေးဖွဲ့ပူဇော်၍ ကိုကျော်ဆွေနှင့်အဖွဲ့ သီဆို ပူဇော်သည်)
၈:၀၅	၆။	သံသာချိုအေးမင်္ဂလာတေး
၈:၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက-၁၊ ဒဂုံ) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာဒုတိယနှစ် (ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇:၀၀	၅။	ဝါကျွတ်တေးများ
၁၇:၁၀	၆။	**"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ သက်တင်)
၁၇:၁၅	၇။	**"ဖွားချို"** စံရှားတင်၊ ဝါးခယ်မရဲမောင် [ဒါရိုက်တာခင်ဇော် (ကေသီပန်)]
၁၇:၃၀	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၅	၉။	မကွေးမြို့စွန်မြသလွန်ဘာဆုပန်မလဲဝါကျွတ်ပွဲ
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သီရိဂေဟာ
၁၉:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း-၆)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၅)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

လက်ဖက်ခြောက်ပြုလုပ်ပုံအဆင့်ဆင့် ရှင်းလင်းဆွေးနွေး ဖလမ်းမြို့၌ ဝင်ငွေတိုးတက်ရေးအတွက် စက်ရုံတည်ဆောက်မည်

ဖလမ်း စက်တင်ဘာ ၃၀

ချင်းပြည်နယ် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လက်ဖက်ခြောက် (အကြမ်းခြောက်) စတင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲက ဖလမ်းမြို့ ဗုဒ္ဓသာသနာပြုကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးငွေအောင်က စီးပွားရေးဝင်ငွေတိုးတက်ရေးအတွက် လက်ဖက်ကို ပြည်နယ်၏ အဓိကစီးပွားရေးသီးနှံအဖြစ် စိုက်ပျိုးရေး၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်အဖြစ် ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရေးကို မှာကြားပြီး ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးကိုကိုက လက်ဖက်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကောလ်ကျန်ထန်က လက်ဖက်ခြောက် (အကြမ်းခြောက်)စတင်ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက လက်ဖက်ခြောက် (အကြမ်းခြောက်) ပြုလုပ်ပုံအဆင့်ဆင့်ကို လေ့လာကြည့်ရှုကြသည်။ ဖလမ်းခရိုင်အနေဖြင့် လက်ဖက် ၉၄၀၃ ဧက စိုက်ပျိုးထားရှိပြီး ၇၂၃ ဧက ဆွတ်ခူးခဲ့ရာ ဒေသခံပြည်သူများ စီးပွားရေးဝင်ငွေ တိုးတက်ရေးအတွက် မကြာမီ လက်ဖက်ခြောက်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တာချီလိတ်မြို့ ရန်ရှင်း(၃)ကျေးရွာ ရေအားလျှပ်စစ်စက်ရုံဖွင့်

တာချီလိတ် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် ရန်ရှင်း(၃)ကျေးရွာ ရေအားလျှပ်စစ်ရုံဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက မိုင်းကိုး ကျေးရွာအုပ်စု ရန်ရှင်း(၄) ကျေးရွာအထက်ရှိ ရေအားလျှပ်စစ် စက်ရုံ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သီဟက ရေအားလျှပ်စစ်တည်ဆောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက ရေအားလျှပ်စစ်စက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

သုံးစွဲနိုင်

အဆိုပါ ရေအားလျှပ်စစ်စက်ရုံသည် တာဘိုင်(ဖရန့်စစ်စက်အမျိုးအစား)ဖြစ်ပြီး ဓာတ်အား ၂၀၀၀ ဝပ်ထွက်ရှိရာ ရန်ရှင်း(၃)ကျေးရွာ အိမ်ခြေ ၇၀ တို့ ကျေးရွာလုံးကျွတ် မီးသုံးစွဲနိုင်ပြီ ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်းဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက်က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မစိုးသူနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ခွဲဥက္ကဋ္ဌ ဒေါ်ခင်မာဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် (သီတင်းကျွတ်လပြည့်နေ့)
(ဥပုသ်နေ့)
၆-၁၀-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

- ၀၇:၀၀ ဥပုသ်နေ့ နှိုးဆော်ချက် တရားတော်(နိယာမငါးပါး တရားတော်)၊(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ကလေးဝတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ)
- ၀၉:၀၀ နဝင်္ဂဥပေါသထသီလပေးတရားတော် (ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)

နေ့လယ်ပိုင်း

- ၀၉:၁၅ ဟောပြောချက် (ဝါလကင်းလွတ် သီတင်းကျွတ်)
- ၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
  (၁) ရွှေမိုးရယ်မှောင် (တင်တင်မြ)
  (၂) ရတနာသုံးဆူ (ရီရီသန့်)
  အခြေခံပညာအဆင့်(အမျိုးသား) အသက် (၁၅-၂၀)နှစ် အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေး)
  (၃) လူချွန်လူကောင်း (ကိုအံ့ကြီး)
- ၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နည်းပညာသစ်ဖြင့် သဘာဝအလှကုန်ပစ္စည်းထုတ်လုပ်မှုအကြောင်း)
- ၁၁:၃၅ သုတကမ္ဘာအစီအစဉ်
- ၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ် (ပျားရည်နှင့် ဆေးအသုံး)
- ၁၂:၃၀ နေ့လယ်တရားတော် (အဘိဓမ္မာ အခါတော်နေ့တရားတော်) (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒသီရိ)
- ၁၂:၃၀ နေ့လယ်တရားတော် (အဘိဓမ္မာ အခါတော်နေ့တရားတော်)

ညနေပိုင်း

- ၁၆:၀၀ တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သော ရာသိယသုတ္တန်တရားတော်)
- ၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
  (၁) စောင့်ထိန်းကြကွယ် ဓာတ်နွယ် (ခေါင်းကြီး)
  (၂) သိက္ခာတရားနှင့်ချစ်ချင်းများ (ဆောင်းပါး သရုပ်ဖော်)
- ၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
- ၁၈:၂၅ ကျေးလက်ဓာတ်လမ်း (ဆီမီးပွဲတော် တူစုံနွဲပျော်)
- ၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (နှပျိုခြင်းနှင့် အိုမင်းခြင်း) (မောင်ဆုရှင်)
- ၁၉:၁၅ တရားတော် (မြတ်ဘုရား ရွှေတိဂုံ-ပထမပိုင်း)
- ၂၀:၃၀ တရားတော် (မြတ်ဘုရား ရွှေတိဂုံ-ဒုတိယပိုင်း)
- ၂၀:၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာတရားတော်

စုပေါင်းသန့်ရှင်း

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပြည်ခိုင်ဖြိုးလမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အသင်းသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဩဂုတ် ၂၉ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် မြို့နယ်ဆရာဝန် ဒေါက်တာ ခင်မောင်ညွန့်တို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပြီး ထွက်ရှိသည့်အမှိုက်အညစ်အကြေးများကို စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်များဖြင့် သိမ်းဆည်းကြစဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခိုင်ရွှေဝါနှင့် ဒုတိယဦးစီးမှူး(အခွန်)ဒေါ်လှဲ့လှဲ့မွန်တို့ ဦးစီးသောအဖွဲ့ စက်တင်ဘာ ၂၉ ရက်က အနေးယာဉ်များ စည်းကမ်း စနစ်ကျနစွာ မောင်းနှင်ရေး၊ ယာဉ်ကြံ့ခိုင်မှု ရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ဝမ်းတွင်းမြို့ အမှတ်(၁) ရပ်ကွက်အတွင်းရှိ ရေဆိုးမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို စက်တင်ဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

ရေဦးမြို့၌ ဥပဒေပညာပေးဟောပြော

ရေဦး အောက်တိုဘာ ၁

ရေဦးမြို့နယ်တွင် ဥပဒေပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက တင်းတိမ်ရုံကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် ဥပဒေအရာရှိ ဦးတိုးမြင့်က လူသတ်မှုနှင့်ပတ်သက်သော ဥပဒေများကိုလည်းကောင်း၊ မြို့နယ် ဒုတိယတရားသူကြီး ဦးကျော်ကျော်မိုးက တရားစီရင်ရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ရဲအုပ် သစ်လွင်က မှုခင်းကျဆင်းရေးအတွက် လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ရေတာရှည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၂ ရက်က အဖွဲ့ရုံးရှေ့၌ မြေယာရှုခင်းအလှများပြုပြင်နေမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ကြီးကြပ်စဉ်။ (မြို့နယ် စည်ပင်)

မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

မြိတ် စက်တင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က သင်တန်းသားများအတွက် ဗလာစာအုပ်နှင့် ဘောပင်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် ဦးမြင့်ရွှေက လက်ခံယူသည်။ **(ယာပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန် အတွက် မိခင်ကြီး ဒေါ်သန်းမြင့် အား အမှူးထား၍ ရန်ကုန်မြို့ မြေနီကုန်း စမ်းချောင်းမြို့နယ် ဈေးလမ်း အမှတ် ၃၄ နေ ဦးခင်မောင်သန်း-ဒေါ်သိန်းသိန်းဟန်၊ သမီး မအေးငြိမ်းဖိုလ်၊ မဟေမာထွန်း မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကြိုးကြာကွင်း-အင်္ဂလား ကျေးလက်ဂဝံလမ်းခင်း ဆောင်ရွက်နေမှုကို စက်တင်ဘာ၁၄ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ ရုံးအဆောက်အအုံသစ်ဖွင့်

ကျောက်မဲ စက်တင်ဘာ ၃၀

ကျောက်မဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျောက်မဲမြို့ ပင်လုံလမ်းမကြီးရှိ အဆိုပါ အဆောက်အအုံသစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဦးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးဘဝင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်များမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(မိခင်/ကလေး)**

ဆီဆိုင်မြို့ ပြည်ထောင်စုလမ်းမဘေး ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကွန်ကရစ်မြောင်းပေါင်လုပ်ငန်းခွင်ကို ဩဂုတ် ၃၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် အတွင်းရေးမှူးဦးစောဦး၊ အမှုဆောင်အရာရှိ ဦးဝင်းဖေတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (ဝ၄၈)

ကလေးသူငယ်များ ပိုလီယိုဆေးတိုက်ကျွေး

ရေစကြို စက်တင်ဘာ ၂၅

မကွေးတိုင်း ရေစကြိုမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်လုံးကျွတ် အသက် ၅နှစ်အောက်ကလေးသူငယ်များအား ပိုလီယိုဆေး တိုက်ကျွေးခြင်းကို စက်တင်ဘာ ၃ရက်ကကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဦးအောင်ဌေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ ရပ်ကွက်၊ကျေးရွာများအလိုက် ကာကွယ်ဆေးတိုက်ကျွေး ဆောင်ရွက်ကြသည်။ **(၂၅၁)**

ဆုချီးမြှင့်

စက်တင်ဘာ ၃၀ ရက်က အုတ်ဖိုအထက ၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မဖြူဖြူသန့်အား အုတ်ဖိုမြို့နယ် ပညာရေးမှူး ဦးချမ်းအောင်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

စက်ချုပ်နှင့်သိုးမွေးစက်ဆွဲသင်တန်း တီးတိန်၌ဖွင့်

တီးတိန် စက်တင်ဘာ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ တီးတိန်မြို့တွင် စက်တင်ဘာ ၄ရက် နံနက် ၉ နာရီက အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၀၆)၊ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၉/၂၀၀၆)နှင့် သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၇/၂၀၀၆) သင်တန်းဖွင့်ပွဲကို ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဂိုဆွင့်ခိုင်က အဖွင့် အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် ဒေသခံ အမျိုးသမီး သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တနိုင်းမြို့၌ ပန်းအလှပင်မျိုးစုံ မြေချစိုက်ပျိုး

တနိုင်း စက်တင်ဘာ ၂၀

ကချင်ပြည်နယ် တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ရက်က အဖွဲ့ဝန်ထမ်းများစုပေါင်း၍ တနိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ လီဒိုလမ်းမကြီး ဘေးဝဲယာတစ်လျှောက်၌ နွယ်သာကီ၊ ပန်းအိ၊ စက္ကူပန်း စသည့် ပန်းအလှပင်မျိုးစုံ ၇၀၀ ကျော် မြေချစိုက်ပျိုးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းမြင့် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(၄၁၆)**

မန္တလေး ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ကဥ္စနမဟီရပ်ကွက် ရွှေဘုံသာဘုရားဝင်းတွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သာယာဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင် အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းဆင်း

သာယာဝတီ စက်တင်ဘာ ၃၀

သာယာဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်း(၂/၂၀၀၆) ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိက နည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ နည်းပြများကိုယ်စား မိုးညိုမြို့နယ်ဦးစီးမှူး ဦးဟန်သိန်းက လက်ခံရယူသည်။

ဆုချီးမြှင့်

ထို့နောက် ပထမဆုရ သာယာဝတီခရိုင်ရုံးမှ ရုံးအကူ ဒေါ်ပြည့်ဖြိုးသူ၊ ဒုတိယဆုရ ဇီးကုန်းမြို့နယ်ရုံးမှ စာထောက်(၃) ဒေါ်ဝင့်နန္ဒာဌေး၊ တတိယဆုရ အုတ်ဖိုမြို့နယ်ရုံးမှ အငယ်တန်းစာရေးဒေါ်မျိုးမျိုးခိုင်တို့အား ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းကာလမှာ စက်တင်ဘာ ၁၁ရက်မှ ၂၂ရက်အထိ ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Passport No. 477731 ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **မောင်ဟိန်းလတ်အောင်၊ ဆိပ်ကြီးခနောင်တို။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၃၅၃၉ **Toyota Mark II / SL** ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မြတ်မြတ်မွန် မှတ်ပုံတင်အမှတ် ၁၂/ဗတထ (နိုင်)၀၁၉၇၃၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၅လမ်း၊ အမှတ်(၄၀)၊အမှတ်–၂ လွှာ(ပထမထပ်) တိုက်ခန်းတစ်ခန်းကို အပြောက်စနစ်ဖြင့်ဝယ်ယူရန် စရန်ငွေပေးချေ၊ တိုက်ခန်းလက်ရောက်ရယူခြင်းအား တရားဝင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်လှဝင်း၁၂/တမန(နိုင်) ၀၉၀၁၆၉၊ အယ်လ်/အာရ်ဂျီအင်န်– ၀၄၃၅၉၇ထံမှ ဝယ်ယူထားပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ ထိုရက်ထက်ကျော်လွန်ပါက ငွေကြေးအရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာပါသည်။

ညွှန်ကြားချက်အရ–

ဦးဟန်ရှိန် — တရားရုံးချုပ်ရှေ့နေ — စဉ်– ၂၇၈၅
ဦးစိန်မြင့် — အထက်တန်းရှေ့နေ — စဉ်– ၁၀၉၁၆

အမှတ်– ၆၃၊ ရှေ့နေများ နားနေခန်း၊ ရန်ကုန်တိုင်း စုပေါင်းရုံး၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



အမွေဖြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့ ကွက်သစ်ရပ် (D)လမ်းနှင့် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်ရေကန်လမ်း အမှတ်(၇၇)နေ ဒေါ်ခင်ကြည်၏ တူမ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၈ရပ်ကွက် စည်ပင်လမ်း အမှတ် ၂၃၁ နေ (ဦးအုန်းမြိုင်)၊ ဒေါ်နွဲ့ကြည်တို့၏ သမီးဖြစ်သူ မအေးမိငြိမ်းအောင်သည် မိဘ၊ အဒေါ်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေဖြတ်စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

အမေ–ဒေါ်နွဲ့ကြည်၊ အဒေါ်–ဒေါ်ခင်ကြည်။

အမည်ပြောင်း

ဦးမောင်စံသိန်း၏သား အထက(၃)စစ်တွေ တက္ကသိုလ်ဝင်တန်း (A)မှ မောင်သန်းဇော်ထူးအား မောင်ကောင်းမြတ်လင်းဟု လည်းကောင်း၊ အထက(၂)စစ်တွေ နဝမတန်း(C)မှ သမီး မအေးမြတ်ခိုင်အား မခိုင်ခိုင်လင်းဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်လင်း၊ မခိုင်ခိုင်လင်း။**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ ဦးဗဂျီ–ဒေါက်တာ ဒေါ်ကြည်ကြည်ဝင်း မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ် ၃၃၇/က လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အောက်တိုဘာ ၆ ရက်တွင် လယ်တီဝိပဿနာ ခုနစ်ရက်စခန်း အထိမ်းအမှတ် ရာပြည့်သြဝါဒခံယူပွဲကို နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ လစဉ်(လပြည့်)တရားစခန်းကို ညပိုင်း၌ ဆက်လက်ကျင်းပမည် ဖြစ်ရာ ကမ္မဋ္ဌာနာစရိယ ဖုန်း–၀၁– ၅၃၄၃၂၉ သို့ ဆက်သွယ်၍ ကမ္မဋ္ဌာနာစရိယများ၊ ယောဂီဟောင်း ယောဂီသစ်များ၊ အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း လူမှုဝန်ထမ်း ဦးစီးဌာန မြောက်ဥက္ကလာပ မူလတန်းကြိုကျောင်း၏ ကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ၂၈ရက်ကကျင်းပရာ ကဗျာပြိုင်ပွဲ၌ ပထမဆုရ မောင်ဝင်းထက်အောင်အား တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေဇင်က ဆုများပေးအပ်ချီးမြှင့်စဉ်။ (၃၆၃)

မီတာမင်အေဆေးနှင့် အာဟာရတိုက်ကျွေး

အုတ်တွင်း စက်တင်ဘာ ၂၆

ပဲခူးတိုင်း အုတ်တွင်းမြို့ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်တို့တွင် ငါးနှစ်အောက် ကလေးသူငယ်များ ဗီတာမင်အေဆေး တိုက်ကျွေးခြင်းနှင့် အာဟာရဆန်ပြုတ်တိုက်ကျွေးခြင်း လုပ်ငန်းကို စက်တင်ဘာ ၆ ရက်မှ ၁၄ ရက်အထိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်မှုကို စက်တင်ဘာ ၆ ရက်တွင် ဈေးရပ်ကွက်၊ ၇ ရက်တွင် ကြက်သွန်ခင်း(၁)ရပ်ကွက်၊ ၁၁ ရက်တွင် မဲကုန်းရပ်ကွက်၊ ၁၂ ရက်တွင် ကသစ်တန်းရပ်ကွက်၊ ၁၃ ရက်တွင် ပဲခူးလမ်း၊ ၁၄ ရက်တွင် ကြက်သွန်ခင်း (၂)ရပ်ကွက်တို့၌ **(အပေါ်ပုံ)** ငါးနှစ်အောက်ကလေးသူငယ် ၁၂၀၀ တို့အား ဗီတာမင်အေနှင့် အာဟာရ တိုက်ကျွေးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရာ ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြသည်။ **(၃၁၆)**

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၄၃)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာကျောင်းဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ၊LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) အောက်တိုဘာ ၉ ရက် (တနင်္လာနေ့)ည နေအရောက်လာကြရန်နှင့် လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း– ၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ရွှေဥဒေါင်း ကန်ပတ်လမ်း သန့်ရှင်းသာယာ လှပရေးအတွက် စက်တင်ဘာ ၁၃ ရက်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးကိုကိုနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့၌ ကူးစက်ရောဂါများအကြောင်းပညာပေးဟောပြော သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများဝေငှ၊ ကျန်းမာရေးစစ်ဆေး

ချောင်းဆုံ စက်တင်ဘာ ၂၈

ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ပညာပေးဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ဒေါင်းဥကျေးရွာ (အမက)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာက အမှာစကား ပြောကြားပြီး အမျိုးသမီးရေးရာ ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်စမ်းစမ်းနွယ်က အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ခေါင်းစဉ်ကိုလည်းကောင်း၊ အမျိုးသမီးရေးရာ အတွင်းရေးမှူး ဒေါ်ချိုချိုထွန်းက လူမှောင်ခိုတားဆီးရေးကိစ္စများကို လည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာ ဒေါ်ကြည်ကြည်အေးက အိပ်ချ်အိုင်ဗွီနှင့်ကူးစက်ရောဂါများ အကြောင်းကိုလည်းကောင်း ဟောပြော၍ စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပပြီး ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားတိုးဆေးနှင့် အိုင်အိုဒင်းဆားများ ဝေငှသည်။

လှူဒါန်း

ဆက်လက်၍ ဒေါင်းဥကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်၌ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စာအုပ် ၅၀ နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ် ၅၀တို့ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ပူဇော်ကန်တော့

ထို့နောက် ဒေါင်းဥကျေးရွာရှိ အသက်(၈၀)ကျော် အဘွားသုံးဦးအား အလှူငွေများဖြင့် ပူဇော်ကန်တော့၍ ဒေါက်တာ ဒေါ်ကြည်ကြည်အေးက ကျန်းမာရေး စစ်ဆေးပေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါး မြို့မဈေးအတွင်း စားသုံးရန် ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ ပါဝင်မှုရှိ မရှိကို စက်တင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း စစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော ဗိုလ်ချုပ်ကြီးစုရာယုဒ်၊ ချူလာနွန့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီ၌ မစ္စတာဂမ်ဘာရီ ရှင်းလင်းဆွေးနွေး ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုရှိပြီး အပြုသဘောတိုးတက်မှုများရှိကြောင်းတင်ပြ တရုတ်၊ ရုရှား၊ ကာတာနှင့် တန်ဇန်နီးယားတို့က မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံ ဂျပန်ကလည်း မြန်မာနိုင်ငံကိစ္စသည် သိမ်မွေ့နက်နဲကြောင်း ပြောကြား

အမေရိကန်၏ မဟုတ်မမှန် စွပ်စွဲမှုများကို မြန်မာကိုယ်စားလှယ်က တုံ့ပြန်ချေပ

နေပြည်တော် အောက်တိုဘာ ၄

မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါ၌ ထည့်သွင်းပြီးနောက် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေး) မစ္စတာ ဂမ်ဘာရီက ရှင်းပြရန် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌမှတစ်ဆင့် အမေရိကန်နိုင်ငံ၏ အဆိုပြုချက်အရ စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးကောင်စီ၌ Private Meeting ပြုလုပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံ၊ အတွင်းရေးမှူးချုပ်ရုံးမှ မစ္စတာ ဂမ်ဘာရီနှင့် မြန်မာနိုင်ငံမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင့်ဆွေ၊ သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်၊ သံအမတ်ကြီး ဦးနေဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြတို့ တက်ရောက်ခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းမှုကို သဘောမတူခြင်းကြောင့် ယခုအစည်းအဝေးတွင် လုံခြုံရေးကောင်စီကိစ္စ ကိုင်တွယ်သည့် အငယ်ဆုံးအရာထမ်းဖြစ်သူ တတိယအတွင်းဝန်တစ်ဦးကိုသာ စေလွှတ်တက်ရောက်စေခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

တိုင်းပြည်တည်ငြိမ်အေးချမ်းသဖြင့် တိုင်းရင်းသားများအားလုံး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားလျက်ရှိ မြန်မာနိုင်ငံအရေး လုံခြုံရေးကောင်စီ၌ ဆွေးနွေးရန်ဆုံးဖြတ်ခြင်းသည် ပြည်တွင်းရေးစွက်ဖက်မှုဖြစ်၍ လက်မခံ ရှုတ်ချကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၄

မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် ကယန်းအမျိုးသားကာကွယ်ရေးတပ်(KNG)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကယန်းအမျိုးသားကာကွယ်ရေးတပ် သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်

၁။ ကယန်းအမျိုးသားကာကွယ်ရေးတပ်(KNG)မှ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင် သဘာထားထုတ်ပြန်ကြေညာလိုက်သည်။

၂။ ကျွန်ုပ်တို့အဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး မိုးဗြဲဒေသဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာ ဆောင်ရွက်နေသော အဖွဲ့ဖြစ်ပါသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

တစ်ဖက်နိုင်ငံရောက် ဇော်ဇော်အောင်(ဗကသ)က ကိုကိုကြီးထံ စာတစ်စောင်ရေးသားပေးပို့မှု မင်းကိုနိုင်နှင့် ကိုကိုကြီးတို့အဖွဲ့ ပြည်တွင်းပြည်ပ ချိတ်ဆက်လှုပ်ရှားမှုများ ရှိနေကြောင်းထင်ရှား အဖြစ်မှန်ပေါ်ပေါက်ရေး လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် တစ်ဖက်နိုင်ငံ မယ်တော်ကျေးရွာမှ သောင်းရင်းမြစ်ကို တရားမဝင်ဖြတ်ကူးပြီး မြဝတီမြို့ မိုးကုတ်စက်ဝန်းဂိတ်သို့ ရောက်ရှိလာသူ မြန်မာအမျိုးသမီးတစ်ဦးအား သက်ဆိုင်ရာက မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ တစ်ဖက်နိုင်ငံသို့ တရားမဝင်ရောက်ရှိနေသည့် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် ဇော်ဇော်အောင်(ဗကသ)ထံမှ ၎င်းအုပ်စုဝင် ကိုကိုကြီးထံပေးပို့သည့် စာတစ်စောင်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်သည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် တစ်ဖက်နိုင်ငံသို့ တရားမဝင် ထွက်ခွာသွားခဲ့သူဖြစ်သည်။ အဆိုပါစာတွင် ဇော်ဇော်အောင်က ၎င်းပြည်ပသို့ မထွက်ခွာမီ ကိုကိုကြီး ရိုက်သွင်းပေးလိုက်သည့် နိုင်ငံရေးအယူအဆနှင့် လုပ်နည်းများအတိုင်း လှုပ်ရှားနေကြောင်း၊ NCUB နှင့် FDB စသည်တို့၏ ပြည်တွင်းနိုင်ငံရေးအခြေအနေသုံးသပ်ချက်မှာ တူညီကြောင်း၊ ယင်းဘက်တွင်ရှိသည့်အဖွဲ့များ၊ မီဒီယာများ၊ နိုင်ငံခြားရောက် အဖွဲ့များအားလုံးနှင့် *စာမျက်နှာ ၁၂ ကော်လံ ၁* ❐